## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## ဒသမနေ့မှတ်တမ်း

### ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်

### (၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)

### (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၁၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ်စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

မူကြမ်း

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ သုမင်္ဂလာ အပေါင်းနှင့် ပြည့်စုံတော်မူကြပါစေ။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၁၇ ဦးရှိတဲ့အနက် ၃၄၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၂.၀၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ် များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များအမည်စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကတင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိမ်း ခွင့် ၃ ရက်၊

(၂) မိုးမိတ်မဲဆန္ဒနယ်မှ ဦးကျော်မြင့်(ခ)ဦးဖိုးတုတ် ခွင့် ၃ ရက်၊

(၃) စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း ခွင့် ၃ ရက်၊

(၄) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင် ခွင့် ၁၀ ရက်၊

**မူကြမ်း**

(၅) မော်လမြိုင်ကျွန်းမဲဆန္ဒနယ်မှ ဦးကိုကိုလွင် ခွင့် ၃ ရက်၊

(၆) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၇) ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် ခွင့် ၂ ရက်၊

(၈) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင် ခွင့် ၁ ရက်၊

(၉) မိုးညိုမဲဆန္ဒနယ်မှ ဦးနန်းဦး ခွင့် ၁ ရက်၊

(၁၀) စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင် ခွင့် ၃ ရက်၊

(၁၁) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ခွင့် ၃ ရက်၊

(၁၂) မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး ခွင့် ၃ ရက်၊

(၁၃) ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို ခွင့် ၃ ရက်၊

(၁၄) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်၊

(၁၅) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊

(၁၆) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်မောင် ခွင့် ၂ ရက်၊

(၁၇) ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာမျိုးအောင် ခွင့် ၁ ရက်၊

(၁၈) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၁ ရက်နှင့်

(၁၉) ထန်းတပင်မဲဆန္ဒနယ်မှ ဦးစိန်ထွန်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅၆ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၇၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**မူကြမ်း**

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာကော်မတီက အစီရင်ခံစာကို တင်ပြရန်ဖြစ်၍ အစီရင်ခံစာတင်ပြဖို့အတွက် ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းလွင်(အတွင်းရေးမှူး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ချောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး ဦးသိန်းလွင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအထိ ကော်မတီရဲ့ အစီရင်ခံစာကို ပြည်သူ့လွှတ်တော် အစည်းအဝေးသို့တင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အစီရင်ခံစာမိတ္တူကို လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ဝေငှထားပြီးဖြစ်တဲ့အတွက် အရေးကြီးတဲ့ အချက်အလက်များကိုသာ ကောက်နုတ်တင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မတီကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးနဲ့ စတင်ဖွဲ့စည်းခဲ့ပါတယ်။ ကော်မတီဖွဲ့စည်းပြီးနောက်ပိုင်းမှာ ပြင်ဆင်ဖွဲ့စည်းမှုများ စုစုပေါင်း (၆)ကြိမ် ပြုလုပ်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာ တစ်ကြိမ်၊ ၂၀၁၃ ခုနှစ်မှာ လေးကြိမ်၊ ၂၀၁၄ ခုနှစ်မှာ တစ်ကြိမ် ဖြစ်ပါတယ်။ အချိန်ကို ငဲ့ညှာသောအားဖြင့် ပြင်ဆင်ဖွဲ့စည်းမှုများကို ကျွန်တော် Slide နဲ့ပဲ တင်ပြ ထားပါတယ်။ ကျွန်တော်တို့ ကော်မတီရဲ့တာဝန် စုစုပေါင်း(၆)ချက်ရှိပါတယ်။ လွှတ်တော် ကိုယ်စားလှယ်ကြီးများထံ ဝေငှထားပြီးဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ အသေးစိတ်ဖတ်ကြား တင်ပြခြင်းမပြုတော့ပါဘူး။ ကျွန်တော်တို့ ကော်မတီအနေနဲ့ ပေါင်းစပ်ညှိနှိုင်းရတဲ့ အဓိကဝန်ကြီး ဌာနသုံးခုရှိပါတယ်။ အဲဒါကတော့ စွမ်းအင်ဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနနဲ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့ဖြစ်ပါတယ်။ အထူးတာဝန်တစ်ရပ်အနေနဲ့ လျှပ်စစ်ဥပဒေပြုစုရေးအတွက်ကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနဲ့ ကျွန်တော်တို့ ညှိနှိုင်းပေါင်းစပ်

ဆောင်ရွက်ခဲ့ရပါတယ်။ ကျွန်တော်တို့ကော်မတီအနေနဲ့ တာဝန်ယူဆောင်ရွက်ခဲ့ရတဲ့ ဥပဒေများဟာ (၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ဖြစ်ပါတယ်။ ဒီပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေဟာဆိုလို့ ရှိရင် ကျွန်တော်တို့နိုင်ငံမှာ ပထမဦးဆုံးပြဋ္ဌာန်းခဲ့တဲ့ ဥပဒေဖြစ်ပါတယ်။ ဒီဥပဒေကို လောလောဆယ် ကျွန်တော်တို့ ဝေဖန်နေကြတာမပြည့်စုံသေးဘူး၊ လိုအပ်ချက်တွေရှိမယ်ဆိုတာလည်း ကျွန်တော်တို့ ကြားသိရပါတယ်။ ဥပဒေတစ်ခုဟာ ဘယ်တော့မှပြီး ပြည့်စုံခြင်းမရှိပါဘူး။ ပြောင်းလဲနေတဲ့ ခေတ်ကာလနှင့်အညီ ကျွန်တော်တို့ ပြင်ဆင်ဖြည့်စွက်အတည်ပြုသွားရမှာဖြစ်ကြောင်း ကျွန်တော့် အနေနဲ့ အလျဉ်းသင့်လို တင်ပြချင်ပါတယ်။ နောက်ဥပဒေကတော့ မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်တဲ့ဥပဒေဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မတီအနေနဲ့ အဓိက အထူးတာဝန်ပေးအပ်ချက် အရ ဆောင်ရွက်ခဲ့ရတဲ့ဥပဒေကတော့ လျှပ်စစ်ဥပဒေဖြစ်ပါတယ်။ ဒီလျှပ်စစ်ဥပဒေဟာ နှစ်ကာလ အတန်ကြာကတည်းက ကျွန်တော်တို့ လျှပ်စစ်ကဏ္ဍမှာ ပါဝင်ပတ်သက်တဲ့ စက်မှုဝန်ကြီးဌာနနဲ့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှစ်ခု အင်မတန် ကျွန်တော်တို့ အကြိတ်အနယ်ညှိနှိုင်းဆွေးနွေးခဲ့ရတဲ့ ဥပဒေတစ်ရပ်ဖြစ်ပါတယ်။ ဒီဥပဒေတစ်ခုတည်းကိုပဲ ကျွန်တော်တို့ အစည်းအဝေးစုစုပေါင်း အကြိမ် (၂၀)လောက်ထိုင်ခဲ့ရပါတယ်။ စုစုပေါင်းလည်း အချိန်က ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့က နေပြီးတော့ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့အထိ နှစ်နှစ်နဲ့သုံးလခန့် ကျွန်တော်တို့ အကြိမ်ကြိမ်အဖန်ဖန် ညှိနှိုင်းဆွေးနွေးပြီးတော့မှ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့မှာ ကျွန်တော်တို့ အတည်ပြုနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ နောက်ဥပဒေတစ်ခုကတော့ မြန်မာ့သတ္တုတွင်း ဥပဒေဖြစ်ပါတယ်။ ဒီမြန်မာ့သတ္တုတွင်းဥပဒေကလည်း စုစုပေါင်းအကြိမ် နှစ်နှစ်နဲ့ လေးလခန့် ကျွန်တော်တို့ တာဝန်ယူခဲ့ရပါတယ်။ ဒီဥပဒေကတော့ မနေ့ကပြည်ထောင်စုလွှတ်တော်မှာ လွှတ်တော်ကိုယ်စားလှယ်ကြီးများ သိတဲ့အတိုင်းပဲ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှုတွေကို နောက်ဆုံး ပြန်လည်ညှိနှိုင်းဆွေးနွေးပြီးတော့ ကျွန်တော်တို့ မနေ့က ပြည်ထောင်စုလွှတ်တော်အစည်း အဝေးမှာ ဆွေးနွေးအတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ နောက်ဥပဒေတစ်ခုကတော့ မြန်မာ့ကျောက်မျက် ရတနာဥပဒေဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေဖြစ်ပြီး အမျိုးသားလွှတ်တော်ကို ပေးပို့ထားပြီးတော့ မြန်မာ့ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကိုတော့ ဒီနေ့မနက်မှာပဲ အမျိုးသားလွှတ်တော်က ကျွန်တော်တို့ဆီကို မှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထား ကြောင်းတွေ့ရှိရပါတယ်။

ကျွန်တော်တို့ကော်မတီအနေနဲ့ ကော်မတီအစည်းအဝေးများကို ၂၀၁၁ ခုနှစ်ကနေပြီးတော့ ၂၀၁၅ ခုနှစ်အထိ စုစုပေါင်း (၇၃)ကြိမ် ကျွန်တော်တို့အစည်းအဝေးထိုင်ခဲ့ပါတယ်။ ဒါကတော့ ကျွန်တော်တို့ အစည်းအဝေးကျင်းပတဲ့ပုံလေးတွေဖြစ်ပါတယ်။ နောက်တစ်ခုက ပြည်ပအဖွဲ့အစည်းများနဲ့လည်း တွေ့ဆုံဆွေးနွေးခဲ့ခြင်းများရှိပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်၊ ညွှန်ကြားချက်များအရ ပြည်ပအဖွဲ့အစည်းများနဲ့ ၂၀၁၃ ခုနှစ်မှာ ကိုးကြိမ်၊ ၂၀၁၄ ခုနှစ်မှာ ငါးကြိမ်၊ စုစုပေါင်း ၁၄ ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဒီ တိုင်ကြားလွှာအပေါ်မှာ အရေးယူဆောင်ရွက်ချက်များကတော့ ၂၀၁၁ ခုနှစ်ကနေ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့အထိ စုစုပေါင်း ၅၆ စောင်ကို လက်ခံရရှိပြီးတော့ သက်ဆိုင်ရာ အဖွဲ့အစည်းများနဲ့ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ကော်မတီဝင်များရဲ့ Capacity Building နဲ့ အတွေ့အကြုံကြွယ်ဝစေဖို့အတွက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရဲ့တာဝန်ပေးအပ်ချက်အရ ကော်မတီဝင် ခုနစ်ဦးဟာ စုစုပေါင်း (၁၅)ကြိမ်တိတိ ပြည်ပနိုင်ငံများကို သွားရောက်လေ့လာခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့လည်း ၂၀၁၄ ခုနှစ် ကျွန်တော်တို့ ကိုးရီးယားသမ္မတနိုင်ငံ၊ ဆိုးလ်မြို့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ Pacific Energy Summit နှင့် ၂၀၁၅ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှာ ပြုလုပ်ခဲ့တဲ့ ၂၀၁၅ ခုနှစ်၊ Pacific Energy Summit များကို တက်ရောက်ခဲ့ရပါတယ်။ ဒီလိုတက်ရောက်ခဲ့ရတဲ့အတွက် တိုင်းပြည်ရဲ့ အရေးကြီးလှတဲ့၊ စွမ်းအင်ကဏ္ဍအတွက် အင်မတန်အရေးကြီးတဲ့၊ တန်ဖိုးကြီးလှတဲ့ Regional နဲ့ Global Energy Issue တွေကို လေ့လာပြီးတော့ ပါဝင်ဆွေးနွေးခွင့်ရရှိခဲ့ပါတယ်။

နောက်ကျွန်တော် အထူးတင်ပြလိုတာကတော့ ကော်မတီအတွင်းရေးမှူးရဲ့ ဆောင်ရွက်ချက်ပါပဲ။ ကျွန်တော့်အနေနဲ့ ကော်မတီကိုကိုယ်စားပြုပြီးတော့ အထူးအရေးကြီးတဲ့အဆို နှစ်ရပ်နဲ့ မေးခွန်းနှစ်ခုကို ကျွန်တော်တင်သွင်းနိုင်ခဲ့ပါတယ်။ ပထမတစ်ခုကတော့ စွမ်းအင်ကဏ္ဍအတွက် ပိုမိုထိရောက်တဲ့ ညှိနှိုင်းကွပ်ကဲစီမံမှုများဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့မှာ ကျွန်တော် တင်သွင်းခဲ့ပါတယ်။ ဒီတင်သွင်းချက်ပေါ်မှာ မူတည် ပြီးတော့ နိုင်ငံတော်အစိုးရကလည်း ဒုတိယသမ္မတတစ်ဦးဦးဆောင်တဲ့ National Energy Management Committee တစ်ခုကို ဖွဲ့စည်းပေးခဲ့ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ထိုင်းနိုင်ငံမှာ ပိတ်သိမ်းထားတဲ့ ဓာတုဗေဒစက်ရုံများအပါအဝင် အခြားစက်ရုံဟောင်းများ မြန်မာနိုင်ငံရှိ ထားဝယ်ရေနက်ဆိပ်ကမ်းသို့

ပြောင်းရွှေ့တည်ဆောက်ခြင်းမပြုရန် မေးခွန်းကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့မှာ ကျွန်တော်မေးခွန်း မေးမြန်းခဲ့ပါတယ်။

နောက် တတိယအချက်အနေနဲ့ကတော့ အခြားနိုင်ငံများမှာ သုံးစွဲပြီးတော့ စက်စွမ်းရည် ကျဆင်းနေတဲ့၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုဖြစ်စေနိုင်တဲ့ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံများ မြန်မာနိုင်ငံသို့ တင်သွင်းရောက်ရှိမလာစေရေးအတွက် တိကျတင်းကြပ်တဲ့အစီအမံများ ရှိ/မရှိကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့မှာ ကျွန်တော့်အနေနဲ့မေးမြန်းခဲ့ပါတယ်။ ဒီမေးမြန်း ချက်ရဲ့အဖြေတွေကို သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားချက်များကို အချိန်ကို ငဲ့ညှာသောအားဖြင့် ကျွန်တော့်အနေနဲ့ အသေးစိတ်မတင်ပြတော့ပါဘူး။ နောက်ကျွန်တော်တို့ အရေးကြီးတဲ့အချက်ပေါ့။ လောလောဆယ်လည်း ဖြစ်ပေါ်နေတဲ့အချက်ပေါ့။ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများ သိသာစွာကျဆင်းလာ မှုကြောင့် ဖြစ်ပေါ်လာတဲ့အကျိုးဆက်များကို စဉ်ဆက်မပြတ်လေ့လာပြီး နိုင်ငံတော်နှင့် ပြည်သူ များအကျိုးဖြစ်ထွန်းစေရေး၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်စရိတ်များ ကျဆင်းစေရေးနှင့် အထွေ ထွေကုန်ဈေးနှုန်းများ ကျဆင်းစေရေးတို့ကို အချိန်နှင့်တစ်ပြေးညီ စနစ်တကျကွပ်ကဲညှိနှိုင်းဆောင်ရွက် ပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် နေ့မှာ ကျွန်တော် တင်သွင်းခဲ့ပြီးတော့ ပြည်သူ့လွှတ်တော်က ကျွန်တော်တို့ ဒီအဆိုကို အတည်ပြု ခဲ့ပါတယ်။ စောစောက ကျွန်တော်တင်ပြခဲ့တဲ့ ဒုတိယသမ္မတ ဦးညွန့်ထွန်း ဦးဆောင်တဲ့ အမျိုးသား စွမ်းအင်စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးတွေ ကျင်းပတဲ့အခါမှာလည်း ကျွန်တော်အဆိုတင်သွင်း ခဲ့တာဖြစ်တဲ့အတွက် ကျွန်တော်ကိုယ်တိုင်လည်း စွမ်းအင်ဝန်ကြီးဌာနမှာ နှစ်(၄၀)အကြာ ဆောင်ရွက် ခဲ့တဲ့အတွက် အဲဒီအစည်းအဝေးတွေကျင်းပတိုင်း ကျွန်တော်တို့ပြည်သူ့လွှတ်တော်ကို ကိုယ်စားပြု ပြီးတော့ ကျွန်တော်တို့ အစည်းအဝေးတက်ရောက်ပြီး နိုင်ငံနှင့်ပြည်သူများအတွက် အကျိုးရှိမယ့် အချက်များကို ကျွန်တော် ဆွေးနွေးလျှက်ရှိပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျွန်တော်တင်ပြရရင် ပထမအကြိမ် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီအနေနဲ့ မိမိတို့ကျရာတာဝန်ကို ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ အတတ်နိုင်ဆုံးကြိုးစားဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမယ့်လည်း ကျွန်တော်တို့မှာ အတွေ့အကြုံမရှိဘူး။ နောက်ပြီးတော့ အခြားအားနည်းချက်များလည်း ရှိတဲ့အတွက် ၁၀၀ ရာခိုင်နှုန်း ပြည့်ကျေနပ်မှုရှိအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ သို့သော်လည်းပဲ ကျွန်တော်တို့ရဲ့အတွေ့ အကြုံများကို လေ့လာပြီးတော့ နောင်ဖွဲ့စည်းလာမယ့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်

ထိန်းသိမ်းရေးဆိုင်ရာကော်မတီများအနေနဲ့ ကော်မတီလုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ ကြိုတင်သဘောပေါက်နားလည်နိုင်မည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ပထမအကြိမ် ပြည်သူ့လွှတ်တော် ကာလအတွင်း ဖွဲ့စည်းခဲ့သော သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာကော်မတီ၏ ဖွဲ့စည်းပုံ၊ တာဝန်ဝတ္တရားနှင့် ဆောင်ရွက်မှုများ**

**(၂၀၁၁ ခုနှစ် မှ ၂၀၁၅ ခုနှစ်ထိ)**

**ဖွဲ့စည်းခြင်း**

၁။ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီကို ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄၊ ပုဒ်မ ၂၇ နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေး ဆုံးဖြတ်ချက်တို့အရ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၁)ဖြင့် အောက်ပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅)ဦးကို စတင်ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါသည် -

| | | | |
|---|---|---|---|
| (က) | ဦးလွန်းသီ | ကွမ်းခြံကုန်းမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးပိုက်ထွေး | ကံမမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးသန်းနွယ် | ဘုတလင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးမိုးဇော်ဟိန်း | ကသာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးမောင်မောင် | သာယာဝတီမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးရဲထွဋ်ဦး | နတ်တလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးမြင့်သူ | မြို့သစ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးသန်းဦး | မြဝတီမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးဇော်ဝင်းအောင် | မြင်းမူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးစိုင်းထွန်းအေး | မိုင်းကိုင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးကြည်မြင့် | မှော်ဘီမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးစိုင်းမောင်တင် | လဲချားမဲဆန္ဒနယ် | အဖွဲ့ဝင် |

မူကြမ်း

(ဍ) ဦးသောင်း ကျောက်ဆည်မဲဆန္ဒနယ် အဖွဲ့ဝင်

(ပ) ဦးသိန်းရီ ထန်းတပင်မဲဆန္ဒနယ် အဖွဲ့ဝင်

(ဏ) ဦးသိန်းလွင် ချောက်မဲဆန္ဒနယ် အတွင်းရေးမှူး

၂။ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်တွင် ပြည်သူ့လွှတ်တော်၏ အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၂) ဖြင့် ကော်မတီအဖွဲ့ဝင် ဦးပိုက်ထွေး(ကံမမဲဆန္ဒနယ်)၊ ဦးမိုးဇော်ဟိန်း(ကသာမဲဆန္ဒနယ်)နှင့် ဦးသန်းနွယ်(ဘုတလင်မဲဆန္ဒနယ်)တို့၏ နေရာများတွင် ဦးဝင်းထိန် (မိတ္ထီလာမဲဆန္ဒနယ်)၊ ဦးဟောက်ခန့်မန်(တွန်းဇံမဲဆန္ဒနယ်)နှင့် ဦးမင်းသူ(ဥတ္တရသီရိမဲဆန္ဒနယ်)တို့ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၃။ ၂၀၁၃ခုနှစ်၊ ဇူလိုင်လ ၉ ရက်တွင် ပြည်သူ့လွှတ်တော်၏ အမိန့်အမှတ်(၁/၂၀၁၃)ဖြင့် အောက်ဖော်ပြပါ တပ်မတော်သားကိုယ်စားလှယ် ၄ ဦးကို လေ့လာသူများအဖြစ် ဤကော်မတီတွင် တာဝန်ပေးအပ်ခဲ့ပါသည်-

(က) ကြည်း ၁၉၀၀၁ ဒုတိယဗိုလ်မှူးကြီးကျော်မြင့်

(ခ) ကြည်း ၂၉၇၀၉ ဗိုလ်မှူးထင်အောင်ကျော်

(ဂ) ကြည်း ၂၉၃၃၈ ဗိုလ်မှူးရဲစိုး

(ဃ) ကြည်း ၂၉၇၇၂ ဗိုလ်မှူးတင်အောင်ဝင်း

၄။ ကော်မတီ၏ ဥပဒေရေးရာကိစ္စရပ်များဆောင်ရွက်ရာတွင် ပိုမိုထိရောက်မှုရှိစေရေးအတွက် ပြည်သူ့လွှတ်တော်ရုံး၏ ၁၅-၇-၂၀၁၃ ရက်စွဲပါစာအမှတ် ၀၅/ပသ(ကမတ)/၂၀၁၃-၁၄၃ ဖြင့် ပြည်သူ့လွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်ဦးအောင်မြင့်အား တွဲဖက်ပေးခဲ့ပါသည်။

၅။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်တွင် ပြည်သူ့လွှတ်တော်၏ အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၁၃)ဖြင့် ကော်မတီအဖွဲ့ဝင် ဦးဟောက်ခန့်မန်(တွန်းဇံမဲဆန္ဒနယ်)၏နေရာတွင် ဦးသန်းနွယ်(ဘုတလင်မဲဆန္ဒနယ်)ကို ပြောင်းရွှေ့တာဝန်ပေးအပ်ခဲ့ပါသည်။

၆။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်တွင် ပြည်သူ့လွှတ်တော်၏ အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၃)ဖြင့် ဦးဝင်းထိန်(မိတ္ထီလာမဲဆန္ဒနယ်)၏ နေရာတွင် ဦးအောင်စိုးမြင့်(တောင်ငူမဲဆန္ဒနယ်) ကိုပြောင်းရွှေ့တာဝန်ပေးအပ်ခဲ့ပါသည်။

၇။ ကော်မတီ၏ ဥပဒေရေးရာကိစ္စရပ်များဆောင်ရွက်ရာတွင် ပိုမိုထိရောက်မှုရှိစေရေးအတွက် ပြည်သူ့လွှတ်တော်ရုံး၏ ၂၉-၅-၂၀၁၄ ရက်စွဲပါစာအမှတ် ဝ၅/ပသ(ကမရ) ၁/၂၀၁၄-၁၀၀ ဖြင့် ပြည်သူ့လွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ဦးသန်းလွင်၊ ဦးအောင်မြင့်၊ ဦးကြည်ထွန်းဝင်း၊ ဦးစန်းလွင်တို့ဖြင့် ထပ်မံပြင်ဆင်ဖွဲ့စည်း ပေးခဲ့ပါသည်။

**ကော်မတီ၏သက်တမ်း**

၈။ ကော်မတီ၏သက်တမ်းကို စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ် သတ်မှတ်ထားပါသည်။

**ကော်မတီ၏ တာဝန်များ**

၉။ ကော်မတီသည် -

(က) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) သဘာဝသယံဇာတပစ္စည်းများကို စနစ်တကျ ထုတ်ယူသုံးစွဲနိုင်ရေး အားပေးကူညီ ရမည်။

(ဂ) သဘာဝသယံဇာတပစ္စည်းများ ထုတ်လုပ်ရာတွင် ဂေဟစနစ် မပျက်သုဉ်းစေရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မပျက်ယွင်းစေရေးအတွက် စိစစ်ညှိနှိုင်းကူညီ ဆောင် ရွက်ရမည်။

(ဃ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန် များတွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(င) တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ် ဆီလျော်ပါက လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့်ထိန်းညှိ ကူညီရမည်။

(စ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော် ဥက္ကဋ္ဌမှတဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

**တာဝန်ယူဆောင်ရွက်ခဲ့သော ဥပဒေများ**

၁၀။ ကော်မတီသည် ဥပဒေပြုရေးဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ရုံး၏ တာဝန်ခွဲဝေ သတ်မှတ်ပေးချက်အရ သတ္တုတွင်းဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနတို့၏ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို လေ့လာသုံးသပ်ပြီး ပယ်ဖျက်၊ ပြင်ဆင်၊ အသစ်ပြဋ္ဌာန်းခြင်းများ ဆောင်ရွက် ခဲ့ပါသည်။

၁၁။ ကော်မတီက စိစစ်ရန်သတ်မှတ်ပေးထားသည့် ဥပဒေ ၁၃ ခု နှင့် လိုအပ်ချက်အရ အသစ် ရေးဆွဲရသည့်ဥပဒေ ၁ ခု စုစုပေါင်း ၁၄ ခု ရှိပါသည်။ ၎င်းတို့အနက်မှ အတည်ပြု ပြဋ္ဌာန်းပြီး ဥပဒေ ၃ ခု၊ ဆောင်ရွက်ဆဲဥပဒေ ၃ ခု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လွှဲပြောင်းသည့် ဥပဒေ ၁ ခု၊ လေ့လာဆဲဥပဒေ ၇ ခု တို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**(က) အတည်ပြုပြဋ္ဌာန်းပြီးဥပဒေ (၃)ခု**

(၁) **ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ**

(၃၀-၃-၂၀၁၂ ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉/၂၀၁၂ ဖြင့် အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်)

(၂) **မြန်မာ့ပုလဲလုပ်ငန်းဥပဒေကိုပြင်ဆင်သည့်ဥပဒေ**

(၂၉-၇-၂၀၁၄ ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၄/၂၀၁၄ ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်)

(၃) **လျှပ်စစ်ဥပဒေ**

(၂၇-၁၀-၂၀၁၄ ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၄/၂၀၁၄ ဖြင့် ပြဋ္ဌာန်းသည်။)

(လျှပ်စစ်ဥပဒေ ရေးဆွဲရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများဖြစ်သည့် စက်မှုဝန်ကြီးဌာန၊ လျှပ်စစ်ဝန်ကြီးဌာနတို့ဖြင့် ၂၃-၇-၂၀၁၃ မှ ၁၂-၁၀-၂၀၁၄ ထိ ကော်မတီတွင် အစည်းအဝေး ၁၅ ကြိမ်၊ ဥပဒေကြမ်းကော်မတီတွင် အစည်းအဝေး ၅ ကြိမ် စုစုပေါင်း အစည်းအဝေး အကြိမ် ၂၀ ပြုလုပ် ဆွေးနွေးညှိနှိုင်းခဲ့ရပါသည်။)

**(ခ) ဆောင်ရွက်ဆဲဥပဒေ(၃)ခု**

(၁) မြန်မာ့သတ္တုတွင်းဥပဒေ(ဥပဒေအမှတ် ၈/၁၉၉၄)

(မြန်မာ့သတ္တုတွင်းဥပဒေကို ၁၃-၈-၂၀၁၃ နေ့မှစတင်ဆွေးနွေးခဲ့ပါသည်။ သဘောထားကွဲလွဲမှုများရှိသဖြင့် သက်ဆိုင်ရာလွှတ်တော်များတွင် ဆက်လက်ဆွေးနွေးဆဲဖြစ်ပါသည်။)

(၂) မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ဥပဒေအမှတ် ၈/၁၉၉၅)

(ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးရန် အဆိုတင်သွင်းပြီးဖြစ်ပါသည်။)

(၃) ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေ

(ပြည်သူ့လွှတ်တော်တွင်ဆွေးနွေးပြီး၊ အမျိုးသားလွှတ်တော်သို့ ပေးပို့ထားဆဲဖြစ်ပါသည်။)

**(ဂ) တိုင်းဒေသကြီးနှင့် ပြည်နယ် များသို့ လွှဲပြောင်းသည့် ဥပဒေ(၁)ခု**

(၁) ဆားလုပ်ငန်းဥပဒေ (ဥပဒေအမှတ် ၆/၁၉၉၂)

(တိုင်းဒေသကြီးနှင့် ပြည်နယ်များက ဆောင်ရွက်ရန် လွှဲပြောင်းသည်)

**(ဃ) လေ့လာဆဲဥပဒေ(၇)ခု**

(၁) သစ်တောဥပဒေ (ဥပဒေအမှတ် ၈/၁၉၉၂)

(၂) တောရိုင်းတိရိစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ (ဥပဒေအမှတ် ၆/၁၉၉၄)

(၃) The Explosives Substances Act (India Act 4, 1884, Vol.V)

(၄) The Explosives Substances Act (India Act 6, 1908, Vol.II)

(၅) The Oilfield Act (Myanmar Act 1, 1918, Vol.V)

(၆) The Patroleum Act (India Act 30, 1934, Vol.V)

(၇) ၁၉၅၇ ခုနှစ်၊ရေနံဓာတ်သတ္တုပင်ရင်းအခြေအမြစ်များ (တိုးတက်ဖြစ်ထွန်းမှု စည်းမျဉ်း ကန့်သတ်မှု)အက်ဥပဒေ(ဥပဒေအမှတ် ၅၅/၁၉၅၇)

**ပြည်သူ့လွှတ်တော်တွင် အဆို၊ မေးခွန်းမေးမြန်းဆွေးနွေးမှုများ**

၁၂။ ပထမအကြိမ်၊ ပြည်သူ့လွှတ်တော်တွင် (၂၁-၂-၂၀၁၁ မှ ၂၁-၁၁-၂၀၁၄ အထိ) ကော်မတီဝင်များ၏ အဆို၊ မေးခွန်း တင်သွင်းမေးမြန်းဆွေးနွေး ဆောင်ရွက်ခဲ့မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အမည် | မဲဆန္ဒနယ် | တင်သွင်းမေးမြန်းဆွေးနွေးမှုများ | | | မေးခွန်းပေါင်း |
|---|---|---|---|---|---|---|
| | | | အဆို | မေးခွန်း | | |
| | | | | ကြယ်ပွင့်ပြ | ကြယ်ပွင့်မပြ | |
| ၁ | ဦးလွန်းသီ | ကွမ်းခြံကုန်း | ၃ | ၂ | ၁ | ၃ |
| ၂ | ဦးအောင်စိုးမြင့် | တောင်ငူ | - | ၇ | ၅ | ၁၂ |
| ၃ | ဦးသန်းနွယ် | ဘုတလင် | ၂ | ၂ | - | ၂ |
| ၄ | ဦးမင်းသူ | ဥတ္တရသီရိ | - | - | - | - |
| ၅ | ဦးမောင်မောင် | သာယာဝတီ | - | ၁၁ | ၄၄ | ၅၅ |
| ၆ | ဦးရဲထွဋ်ဦး | နတ်တလင်း | - | ၂၀ | ၃၆ | ၅၆ |

| စဉ် | အမည် | မဲဆန္ဒနယ် | တင်သွင်းမေးမြန်းဆွေးနွေးမှုများ | | | မေးခွန်းပေါင်း |
|---|---|---|---|---|---|---|
| | | | အဆို | မေးခွန်း | | |
| | | | | ကြယ်ပွင့်ပြ | ကြယ်ပွင့်မပြ | |
| ၇ | ဦးမြင့်သူ | မြို့သစ် | - | - | ၄၂ | ၄၂ |
| ၈ | ဦးသန်းဦး | မြဝတီ | - | ၂၆ | ၁၁ | ၃၇ |
| ၉ | ဦးဇော်ဝင်းအောင် | မြင်းမူ | - | ၁၃ | ၂ | ၁၅ |
| ၁၀ | ဦးစိုင်းထွန်းအေး | မိုင်းကိုင် | - | ၁ | ၃ | ၄ |
| ၁၁ | ဦးကြည်မြင့် | မှော်ဘီ | - | ၄ | ၇ | ၁၁ |
| ၁၂ | ဦးစိုင်းမောင်တင် | လဲချား | ၂ | ၂၂ | ၁ | ၂၃ |
| ၁၃ | ဦးသောင်း | ကျောက်ဆည် | - | - | - | - |
| ၁၄ | ဦးသိန်းရီ | ထန်းတပင် | - | ၄၆ | ၉၁ | ၁၃၇ |
| ၁၅ | ဦးသိန်းလွင် | ချောက် | ၄ | ၂၁ | ၁၅ | ၃၆ |
| ၁၆ | ဒုမှူးကြီးကျော်မြင့် | တပ်မတော်သား | - | - | - | - |
| ၁၇ | ဗိုလ်မှူးထင်အောင်ကျော် | တပ်မတော်သား | - | - | - | - |
| ၁၈ | ဗိုလ်မှူးရဲစိုး | တပ်မတော်သား | - | ၁ | - | ၁ |
| ၁၉ | ဗိုလ်မှူးတင်အောင်ဝင်း | တပ်မတော်သား | - | - | - | - |
| | စုစုပေါင်း | - | ၁၁ | ၁၇၆ | ၂၅၈ | ၄၃၄ |

**ကော်မတီအစည်းအဝေးများကျင်းပမှု**

၁၃။ ကော်မတီသည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို အောက်ပါအတိုင်း ပြုလုပ်ကျင်းပခဲ့ပါသည် -

| စဉ် | ခုနှစ် | အကြိမ်ရေ | မှတ်ချက် |
|---|---|---|---|
| ၁ | ၂၀၁၁ | ၇ | |
| ၂ | ၂၀၁၂ | ၁၄ | |
| ၃ | ၂၀၁၃ | ၃၂ | |
| ၄ | ၂၀၁၄ | ၁၁ | |
| ၅ | ၂၀၁၅ | ၉ | ၁၈-၁၁-၂၀၁၅ ထိ |
| | **စုစုပေါင်း** | ၇၃ | |

အစည်းအဝေးများတွင် ဥပဒေပြုခြင်း၊ ဝန်ကြီးဌာနများ၏ အသုံးစရိတ်များ စိစစ်ခွင့်ပြုခြင်း၊ တိုင်ကြားစာများအား စိစစ်ညှိနှိုင်းဖြေရှင်းခြင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းရပ်များကို ညှိနှိုင်းဆုံးဖြတ်ဆောင်ရွက်ခဲ့ကြပါသည်။

**တိုင်ကြားစာများအပေါ်အရေးယူဆောင်ရွက်ချက်များ**

၁၄။ ကော်မတီသည် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့ထိ တိုင်ကြားစာ၊ တင်ပြစာနှင့် အသနားခံစာ စုစုပေါင်း ၅၆ စောင်ကို လက်ခံရရှိပြီး ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ပါသည်။

ထူးခြားစွာ ညှိနှိုင်းဆောင်ရွက်ခဲ့ရသည့် တိုင်ကြားစာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | တိုင်ကြားသူ | အကြောင်းအရာ | အရေးယူဆောင်ရွက်မှု | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဦးစိုင်းဘိုးအောင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ မူဆယ်မဲဆန္ဒနယ် | ဆောက်လုပ်ရေးသုံး ကျောက်နှင့်သဲများထုတ်လုပ်၍တစ်ဖက်နိုင်ငံသို့ အလွန်အကျွံ တင်ပို့ရောင်းချမှုကိစ္စ | ပြည်ထဲရေး ဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနတာဝန်ရှိသူများနှင့် ၂၁-၉-၂၀၁၁ ရက်တွင် အစည်းအဝေး ခေါ်ယူ ညှိနှိုင်း | |

| | | | | |
|---|---|---|---|---|
| | | | ဆောင်ရွက်ပေးခဲ့ပါသည်။ | |
| ၂ | ဦးအာနန္ဒာမဟာဘိဝံသ၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ | မြစ်သာရေလှောင်တမံဘက်စုံစီမံကိန်း တည်ဆောက်မည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လွှာ တင်သွင်းခြင်းကိစ္စ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသို့ စာရေးသားဆက်သွယ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ပါသည်။ | |

| စဉ် | တိုင်ကြားသူ | အကြောင်းအရာ | အရေးယူဆောင်ရွက်မှု | မှတ်ချက် |
|---|---|---|---|---|
| ၃ | ဦးမြင့်သိန်း၊ ဦးမြတ်လေးဦး၊ ထီးလင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မကွေးတိုင်းအတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေနေသောတရုတ်ကုမ္ပဏီ SINOPEC ၏ လုပ်ရပ်များ အားတိုင်ကြားခြင်း | ၂၄-၁၀-၂၀၁၂ရက်တွင်စွမ်းအင်ဝန်ကြီးဌာနတာဝန်ရှိသူများနှင့် ညှိနှိုင်းရှင်းလင်း ဖြေကြားပေးခဲ့ပါသည်။ | |
| ၄ | ဦးနိုင်ငံလင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဒက္ခိဏသီရိမဲဆန္ဒနယ် | မိုးထိ၊ မိုးမိ ရွှေလုပ်သားများနှင့်မိသားစုများ၏ အခက်အခဲအားအမြန်ဆုံး ဖြေရှင်းပေးပါရန်ကိစ္စ | ၂၆-၂-၂၀၁၄ ရက်တွင် သတ္တုတွင်းဝန်ကြီးဌာန တာဝန်ရှိသူများ၊ တိုင်ကြားသူ ဦးနိုင်ငံလင်း၊ ရမည်းသင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီ တို့အားအစည်း အဝေးဖိတ်ကြားပြီးညှိနှိုင်းဖြေရှင်းပေးခဲ့ပါသည်။ | |
| ၅ | ဦးကျော်သီဟ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြင်ဦးလွင်မဲဆန္ဒနယ် | တောင်သမန်အင်းကို သဘာဝအတိုင်း ရေစီးရေလာကောင်းသည့် သုံးပန်လှအင်း အဖြစ်ပြန်လည်တည်ရှိစေရန်ကိစ္စ | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ စာရေးသားပေးပို့ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။ | |

**နိုင်ငံခြားအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု**

**မူကြမ်း**

၁၅။ ကော်မတီသည် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်၊ ညွှန်ကြားချက်များအရ နိုင်ငံခြား အဖွဲ့အစည်းများနှင့် ၂၀၁၃ ခုနှစ်တွင် ၉ ကြိမ်၊ ၂၀၁၄ ခုနှစ်တွင် ၅ ကြိမ်၊ စုစုပေါင်း ၁၄ ကြိမ် တွေ့ဆုံပြီး လွှတ်တော်ဆိုင်ရာကိစ္စရပ်များ၊ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ သယံဇာတတူးဖော် ထုတ်ယူမှုကိစ္စရပ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်ကိုယ်စားလှယ် များနှင့် ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

**ကော်မတီဝင်များပြည်ပသို့ လေ့လာရေး/ဆွေးနွေးပွဲသွားရောက်မှု**

၁၆။ ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်၏ တာဝန်ပေးအပ်မှုအရ ပြည်ပခရီးစဉ်များ သွားရောက်ခဲ့ရာ ကော်မတီအတွင်းရေးမှူး ဦးသိန်းလွင် ၆ ကြိမ်၊ ကော်မတီဝင် ဦးသန်းနွယ် ၃ ကြိမ်၊ ကော်မတီဝင် ဦးစိုင်းထွန်းအေး ၁ ကြိမ်၊ ကော်မတီဝင် ဦးမြင့်သူ ၁ ကြိမ်၊ ကော်မတီဝင် ဦးသန်းဦး ၁ ကြိမ်၊ ကော်မတီဝင် ဦးကြည်မြင့် ၁ ကြိမ် နှင့် ကော်မတီဝင် ဦးသိန်းရီ ၂ ကြိမ်၊ စုစုပေါင်း ၁၅ ကြိမ် သွားရောက်ခဲ့ပြီးဖြစ်ပါသည်။

**ကော်မတီကိုယ်စားအတွင်းရေးမှူး၏ ဆောင်ရွက်ချက်များ**

၁၇။ ကော်မတီအတွင်းရေးမှူး ဦးသိန်းလွင်သည် ကော်မတီ၏ကိုယ်စား စွမ်းအင်ကဏ္ဍအတွက် ပိုမိုထိရောက်သည့် ညှိနှိုင်းကွပ်ကဲစီမံမှုများ ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်း ကြောင်း အဆိုတစ်ရပ်ကို ၆-၇-၂၀၁၂ ရက်တွင် ကျင်းပပြုလုပ်သည့် ပထမအကြိမ် ပြည်သူ့ လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့တွင် တင်သွင်းခဲ့ရာ လွှတ်တော်က အဆိုကို သဘောတူလက်ခံပြီး ဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပါသည်။

၁၈။ သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေးအတွက် ထိုင်းနိုင်ငံတွင် ပိတ်သိမ်းထားသည့် ဓာတုဗေဒ စက်ရုံများအပါအဝင် အခြားစက်ရုံဟောင်းများ မြန်မာနိုင်ငံရှိ ထားဝယ်ရေနက်ဆိပ်ကမ်းသို့ ပြောင်းရွှေ့တည်ဆောက်ခြင်းမပြုလုပ်စေရန် ၄-၂-၂၀၁၃ ရက်တွင် ကြယ်ပွင့်ပြမေးခွန်း မေးမြန်း ခဲ့ပါသည်။

မေးခွန်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဦးဝင်းထွန်းက ထိုင်းနိုင်ငံမှ စက်ရုံအဟောင်းများ တင်သွင်းရန် အစီအစဉ်မရှိကြောင်း၊ ဆောင်ရွက် မည့်လုပ်ငန်း စီမံကိန်းများတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် အစီအမံများ ချမှတ်ဆောင်ရွက်ရေး၊ ထိန်းချုပ်မှုများ၊ ခေတ်မီနည်းပညာများ၊ စက်ကိရိယာများ၊

အသုံးပြုတပ်ဆင်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း ၁၄-၃-၂၀၁၃ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့တွင် ဖြေကြားခဲ့ပါသည်။

၁၉။ ထို့အပြင် အခြားနိုင်ငံများ၌ သုံးစွဲပြီး၍ စက်စွမ်းရည်ကျဆင်းနေသော၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသော ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ မြန်မာနိုင်ငံသို့ တင်သွင်းရောက်ရှိမလာစေရေးအတွက် တိကျတင်းကြပ်သည့်အစီအမံများရှိ/မရှိတို့ကို ၁၉-၁၁-၂၀၁၄ ရက်တွင် မေးမြန်းခဲ့ပါသည်။

မေးမြန်းမှုကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမော်သာထွေးက နည်းပညာပိုင်းဆိုင်ရာဖြစ်မြောက်နိုင်စွမ်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အတည်ပြုပေးရပြီး EIA, SIA လုပ်ငန်းများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက စိစစ်အတည်ပြုပေးမှသာ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခွင့် ရရှိမည်ဖြစ်ကြောင်း၊ ညွှန်ကြားချက်များကို တိတိကျကျလိုက်နာရန် ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ်စံနှုန်းနှင့် ကိုက်ညီမှု မရှိသော၊ နည်းပညာအဆင့်မမီသော ကျောက်မီးသွေးဓာတ်အားပေးစက်ရုံများကို လည်ပတ်ခွင့်ပြုမည်မဟုတ်ကြောင်းနှင့် MOU လက်မှတ်ရေးထိုးစဉ်ကပင် စက်ရုံဒီဇိုင်းကို တစ်ပါတည်း အသေးစိတ်ရေးသားခဲ့ပြီးဖြစ်ကြောင်း ၁၅-၁၀-၂၀၁၄ ရက်တွင် ကျင်းပပြုလုပ်သော ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့တွင် ရှင်းလင်းဖြေကြားပါသည်။

၂၀။ ထပ်မံ၍ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်း သိသာစွာကျဆင်းလာမှုကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များကို စဉ်ဆက်မပြတ်လေ့လာပြီး နိုင်ငံတော်နှင့် ပြည်သူအများ အကျိုးဖြစ်ထွန်းရေး၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်စရိတ်များကျဆင်းရေး၊ အထွေထွေကုန်ဈေးနှုန်းများ ကျဆင်းရေးတို့ကို အချိန်နှင့်တပြေးညီ စနစ်တကျ ကွပ်ကဲညှိနှိုင်းစီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ၂၉-၁-၂၀၁၅ ရက်တွင် တင်သွင်းခဲ့ရာ ၂၃-၃-၂၀၁၅ ရက်တွင် ကျင်းပပြုလုပ်သည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့တွင် အဆိုကို လွှတ်တော်က အတည်ပြုခဲ့ပါသည်။

**မူကြမ်း**

၂၁။ ကော်မတီအတွင်းရေးမှူးသည် စွမ်းအင်ကဏ္ဍ၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍများတိုးတက်ဖြစ်ထွန်းစေရန်နှင့် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများအပေါ် ပြည်ထောင်စု အစိုးရမှလိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် တိုက်တွန်းသည့် အဆိုများကို တင်သွင်းခြင်း၊ မေးခွန်းများမေးမြန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဦးဆောင်သည့် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးများတွင်လည်း ကော်မတီ ကိုယ်စား ပါဝင်ဆွေးနွေးလျက်ရှိပါသည်။

၂၂။ ကော်မတီဝင်များ၏ အရည်အချင်းပြည့်ဝစေရေးအတွက် ပြင်ပပညာရှင်များ ဖိတ်ခေါ်၍ ဆွေးနွေးပွဲများပြုလုပ်ပေးခြင်း၊ လေ့လာနိုင်ရန် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများမှ ထုတ်ဝေသော စာအုပ်၊ စာတမ်းများ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

၂၃။ Sky Net Hluttaw Channel တွင်ထုတ်လွှင့်ရန် ကော်မတီဖွဲ့စည်းပုံ၊ တာဝန်ဝတ္တရားများ၊ ကော်မတီက တာဝန်ယူဆောင်ရွက်နေသည့် ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ ကော်မတီသို့ ဆက်သွယ်နိုင်သည့် သတင်းအချက်အလက်များကို ပြည်သူများသိရှိစေရန် ကော်မတီဥက္ကဋ္ဌနှင့်အတူ ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

**နိဂုံး**

၂၄။ ပထမအကြိမ်ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီအနေဖြင့် မိမိတို့ကျရာတာဝန်ကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ အတတ်နိုင်ဆုံး ကြိုးပမ်း ဆောင်ရွက်ခဲ့ကြပြီးဖြစ်ပါသည်။ သို့ရာတွင် ကော်မတီဝင်များအနေဖြင့် ယခင်အတွေ့အကြုံများ မရှိခြင်း၊ လူတန်းစားအလွှာအသီးသီးမှ ပါဝင်ခဲ့ခြင်းဖြစ်၍ နည်းပညာဆိုင်ရာ ကော်မတီလုပ်ငန်း အချို့တွင် စိတ်ကျေနပ်မှု ရာနှုန်းပြည့်ရရှိအောင် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။

ပထမအကြိမ်ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ အတွေ့အကြုံများကို လေ့လာဖတ်ရှုခြင်းဖြင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဝင်များအနေဖြင့် ကော်မတီ လုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ ကြိုတင်သဘောပေါက်မည်ဖြစ်ပါကြောင်း ဖော်ပြအပ် ပါသည်။

**မှူကြမ်း**

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်းထိန်းသိမ်းရေးဆိုင်ရာ ကော်မတီရဲ့အစီရင်ခံစာကို ဆွေးနွေးလိုတဲ့လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၃-၁၂-၂၀၁၅ ရက်နေ့နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အစီရင်ခံစာကို တင်ပြရန်ဖြစ်၍ အစီရင်ခံစာတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဝင်းမြင့်(အတွင်းရေးမှူး၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ရဲ့ ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီးပွားရေးနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး လှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော့်အနေနဲ့ ကော်မတီကိုယ်စား ကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြမှာဖြစ်ပါတယ်။ ကော်မတီဟာ ပြည်သူ့လွှတ်တော်ရဲ့ တာဝန်ခွဲဝေသတ်မှတ်ချက်အရ ဝန်ကြီးဌာနသုံးခုဖြစ်တဲ့ သမဝါယမဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာ ရေးလုပ်ငန်းဝန်ကြီးဌာနတို့ရဲ့ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို လေ့လာသုံးသပ်ပြီး ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းများ၊ နှစ်အလိုက် အမျိုးသား စီမံကိန်းနှင့် ရသုံးခန့်မှန်းခြေငွေစာရင်းများကို စိစစ်ပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ကော်မတီရဲ့ရည်ရွယ်ချက်အနေနဲ့ ကော်မတီသည် ပြည်သူများကို အကျိုးပြုမည့်မေးခွန်းနှင့် အဆိုများ၊ မေးမြန်းဆောင်ရွက်ပေးခြင်း၊

ဥပဒေများ တင်သွင်းခြင်းများ ဆောင်ရွက်သွားရန် မိမိတာဝန်ယူဆောင်ရွက်ရသော ဝန်ကြီးဌာနများရဲ့ အခွန်အကောက်၊ အမျိုးသား စီမံကိန်းနှင့် ဘဏ္ဍာရေးကိစ္စရပ်များအား ပြည့်စုံမှန်ကန်စွာ စိစစ်ဆောင်ရွက်သွားရန်နှင့် နိုင်ငံတကာ လွှတ်တော်များ၏ ဆောင်ရွက်ချက်များကို လေ့လာသုံးသပ်ပြီး မိမိတို့ကော်မတီ၏လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် ဆောင်ရွက်သွားရန် ရည်ရွယ်ပါတယ်။

ကော်မတီကို ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၄ နှင့် ၂၇ တို့အရ ပြည်သူ့လွှတ်တော် အစည်းအဝေး ဆုံးဖြတ်ချက်အရ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာ အမှတ်(၁၆/၂၀၁၁)ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းထားတဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု အဆင့်အဖွဲ့အစည်းများ၏ အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ လုပ်ငန်းများနှင့် ရငွေသုံးငွေများ စိစစ်ရေးပူးပေါင်းအဖွဲ့(၉)တွင် ကော်မတီမှ ကိုယ်စားလှယ်များ အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး သမဝါယမဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတို့ရဲ့ အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စရပ်များကို စိစစ်ခဲ့ပါတယ်။

ကော်မတီမှာ လေ့လာသူအဖြစ် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦးကိုလည်း ပါဝင်ဖွဲ့စည်းပေးခဲ့ပါတယ်။ ကော်မတီရဲ့ ဥပဒေရေးရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရန် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ဒေါက်တာတင်လတ်၊ ဦးညီညီ၊ ဦးအောင်မြင့်တို့အား တွဲဖက်တာဝန်ပေးအပ်ခြင်းရှိခဲ့ပါတယ်။ ကော်မတီသည် တာဝန်(၆)ရပ်၊ လုပ်ပိုင်ခွင့် (၅)ရပ်နှင့် ကော်မတီဝင်များ၏ ရပိုင်ခွင့် အခွင့်အရေး (၃)ရပ်ရှိပါတယ်။ အသေးစိတ်ကိုတော့ အစီရင်ခံစာမှာ ဖော်ပြထားပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဖော်ပြခြင်းမပြုတော့ပါဘူး။ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင်များအနေဖြင့် အဆို ၁၁ ရပ်၊ ကြယ်ပွင့်ပြမေးခွန်း ၈၁ ခုနှင့် ကြယ်ပွင့်မပြမေးခွန်းပေါင်း ၂၇၄ ခုကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကော်မတီအနေဖြင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ကော်မတီအဖွဲ့ဝင်များ၊ တပ်မတော်သားကိုယ်စားလှယ် လေ့လာသူများနှင့် (၃၂)ကြိမ်၊ ဝန်ကြီးဌာနများနှင့်

(၂၅)ကြိမ်ပြုလုပ်ခဲ့ပြီးတော့ ဥပဒေပြုရေး၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်း ဆွေးနွေးခဲ့ပါတယ်။

ပြင်ပအဖွဲ့အစည်းများနှင့်လည်း (၇)ကြိမ် တွေ့ဆုံခဲ့ပါတယ်။ နိုင်ငံခြားအဖွဲ့အစည်းများနှင့်လည်း (၁၁)ကြိမ် တွေ့ဆုံခဲ့ပါတယ်။ ကော်မတီသို့ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီမှ တိုင်ကြားစာ (၁၃)စောင် လွှဲပြောင်းပေးပို့လာခဲ့ခြင်းရှိပါတယ်။ ၎င်းတိုင်ကြားစာနှင့် ပတ်သက်ပြီးတော့ ဆက်လက်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနဖြစ်သော သမဝါယမဝန်ကြီးဌာနသို့ တိုင်ကြားစာ (၅)စောင် ပေးပို့ခဲ့ပါတယ်။ စာရွက်စာတမ်းမပြည့်စုံတဲ့ တိုင်ကြားစာများကိုလည်း ကာယကံရှင်ထံသို့ ပြန်လည်ပေးပို့ထားပါတယ်။ ကော်မတီအနေဖြင့် ဆောင်ရွက်ရန်မလိုသော တိုင်စာများကိုလည်း ဖိုင်တွဲ၍ သိမ်းဆည်းထားပါတယ်။

လွှတ်တော်သက်တမ်းကာလအတွင်းမှာ ကော်မတီအနေနဲ့ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ၊ ပို့ကုန်သွင်းကုန်ဥပဒေ၊ မြန်မာနိုင်ငံကုန်စည်အမှတ်အသားအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေတို့ကို ပြဋ္ဌာန်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ကော်မတီအနေနဲ့ The Agricultural Produce Markets Act (India Act, 17, 1941, Vol.IV) ကို ရုပ်သိမ်းပေးနိုင်ခဲ့ပါတယ်။ ကော်မတီအနေနဲ့ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေကို တင်သွင်းနိုင်ခဲ့ပါတယ်။ စိစစ်ဆဲဥပဒေအနေနဲ့ကတော့ The Weight and Measures of Capacity Act နဲ့ The Measuring Basket Standardization Act ဆိုပြီးတော့ ဒီနှစ်ခုကို စိစစ်ဆောင်ရွက်ဆဲဖြစ်ပါတယ်။ ပယ်ဖျက်ရန်ဥပဒေအနေနဲ့ကတော့ The Sale of Goods Act ရယ်၊ The Measuring of Length Act ၊ ကောက်ပဲသီးနှံလယ်ယာခြံထွက်ပစ္စည်းဝယ်ယူမှု စည်းမျဉ်းသတ်မှတ်ရေးဥပဒေတို့ရှိခဲ့ပါတယ်။ လက်ရှိ နောက်ဆုံးဆောင်ရွက်ဆဲဥပဒေအနေနဲ့ကတော့ နိုင်ငံတကာမှာ ဒီနေ့ အဓိကထားဖြစ်ပေါ်နေတဲ့ကိစ္စဖြစ်တဲ့ WTO နဲ့ပတ်သက်တဲ့ ဥပဒေသုံးခုရှိပါတယ်။ WTO အရဆိုလို့ရှိရင် ကျွန်တော်တို့ ကမ္ဘာ့နိုင်ငံမှာရှိတဲ့ နိုင်ငံတွေအားလုံးဟာ လွတ်လပ်စွာ ကုန်သွယ်ရမယ်ဆိုပြီး အခြေခံမူထားရှိခဲ့ပါတယ်။ သို့သော်လည်းပဲ တကယ့်လက်တွေ့ကျင့်သုံးတဲ့အခါမှာ ဒီလွတ်လပ်စွာကုန်သွယ်တာဟာ ကောင်းတာရှိသလို၊ တစ်ဖက်ကတော့ သက်ဆိုင်ရာနိုင်ငံအသီးသီးမှာ အခြားပြည်ပနိုင်ငံတွေကနေပြီးတော့ ကုန်စည်တွေဝင်ရောက်မှုကြောင့် စီးပွားရေးလုပ်ငန်းတွေ ထိခိုက်နစ်နာမှုတွေရှိခဲ့ပါတယ်။ အဲဒီလိုရှိခဲ့တဲ့အတွက်ကြောင့်မို့လို့ အင်မတန်တိုးတက်ပါတယ်ဆိုတဲ့ အမေရိကန်နိုင်ငံတောင်မှပဲ ဒီအခု ကျွန်တော်

ဖော်ပြမယ့် ဒီဥပဒေများ မိမိနိုင်ငံအတွင်းမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေကို အကာအကွယ်ပေးတဲ့ ဥပဒေတွေကို ဒါတွေကို ကျင့်သုံးခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့တော့ နှစ်ပေါင်း ၁၀ နှစ် ကျော်ကြာထိ နောက်ကျပြီး ဒီနေ့ဒီအချိန်ထိ ကျင့်သုံးနိုင်ခဲ့ခြင်းမရှိပါဘူး။ ဒါကြောင့်မို့ ကျွန်တော်တို့ နိုင်ငံအနေနဲ့လည်းပဲ ဒီနေ့ဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကြိုးပမ်းဆောင်ရွက်နေတဲ့ နိုင်ငံ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံအတွင်းမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေကို ကာကွယ် ပေးနိုင်ဖို့အတွက် တခြားနိုင်ငံများနည်းတူကျင့်သုံးဖို့ လိုအပ်တဲ့ Safeguard Law ရယ်၊ Anti-dumping Law ရယ်၊ Counter Vailing Law ရယ်ဆိုပြီးတော့ ဥပဒေ (၃)ခု နိုင်ငံအတွင်းမှာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေကို ကာကွယ်ပေးဖို့ဥပဒေ(၃)ခုကို ဒါတွေကို ပြဋ္ဌာန်းဆောင်ရွက်နိုင်ဖို့ အတွက် ကျွန်တော်တို့ကော်မတီအနေနဲ့ ကြိုးပမ်းဆောင်ရွက်နေပါ တယ်။

သုံးသပ်အကြံပြုချက်အနေနဲ့တော့ ကော်မတီအနေနဲ့ မိမိတို့တာဝန်ယူရတဲ့ ဝန်ကြီးဌာန (၃) ခု ရဲ့ စီမံကိန်းနှင့်ဘတ်ဂျက်များကို လေ့လာစိစစ်ဆောင်ရွက်သွားရန် လိုအပ်ပါတယ်။ ကော်မတီရဲ့ ဥပဒေများမှ ပယ်ဖျက်ရန်၊ ဆောင်ရွက်ရန်ကျန်သည်များကို ကော်မရှင်မှ ပညာရှင်များနှင့် ဆွေးနွေး ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ ကော်မတီဝင်များအနေဖြင့် နိုင်ငံနှင့်နိုင်ငံသားများအတွက် လုပ်သင့်လုပ်ထိုက်သော အချက်အလက်များကို ရှာဖွေပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆွေးနွေး ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ၂၀၁၁ ခုနှစ် မှ ၂၀၁၅ ခုနှစ် အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ**

**နိဒါန်း**

၁။ ကမ္ဘာပေါ်ရှိနိုင်ငံအများစု လက်ခံကျင့်သုံးလျက်ရှိသော စနစ်မှာ ဒီမိုကရေစီစနစ်ပင် ဖြစ်ပါ သည်။ ဒီမိုကရေစီစနစ်ဆိုသည်မှာ တိုင်းပြည်၏ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ ခက်မသုံးဖြာအား ပြည်သူများထံမှ ဆင်းသက်လာကာ အချင်းချင်း အပြန်အလှန်ထိန်းကျောင်းသောစနစ် ဖြစ်ပါသည်။

၂။ ကော်မတီသည် ပြည်သူ့လွှတ်တော်၏ တာဝန်ခွဲဝေသတ်မှတ်ချက်အရ ဝန်ကြီးဌာန(၃)ခု ဖြစ်သော (၁) သမဝါယမဝန်ကြီးဌာန၊ (၂) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ (၃) ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတို့၏ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံး လုပ်နည်းများကို လေ့လာသုံးသပ်ပြီး ပြင်ဆင်၊ ပယ်ဖျက်၊ အသစ်ပြဋ္ဌာန်းခြင်းများ၊ နှစ်အလိုက် အမျိုးသား စီမံကိန်းနှင့် ရသုံးမှန်းခြေငွေစာရင်းများကို စိစစ်ပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ရည်ရွယ်ချက်

၃။ ကော်မတီသည် ပြည်သူများကို အကျိုးပြုမည့် မေးခွန်းနှင့်အဆိုများ မေးမြန်းဆောင်ရွက် ပေးခြင်း၊ ဥပဒေကြမ်းများတင်သွင်းခြင်းများ ဆောင်ရွက်သွားရန် မိမိတာဝန်ယူဆောင်ရွက်ရသော ဝန်ကြီးဌာနများ၏ အခွန်အကောက်၊ အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာရေးကိစ္စရပ်များအား ပြည့်စုံ မှန်ကန်စွာ စိစစ်ဆောင်ရွက်သွားရန်နှင့် နိုင်ငံတကာလွှတ်တော်များ၏ ဆောင်ရွက်ချက်များကို လေ့လာ သုံးသပ်ပြီး မိမိတို့ကော်မတီ၏လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာရေးအတွက် ဆောင်ရွက်သွား ရန် ရည်ရွယ်ပါသည်။

## ကော်မတီဖွဲ့စည်းခြင်း

၄။ ပြည်သူ့လွှတ်တော်၊ စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ပြည်သူ့ လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄ နှင့် ၂၇ တို့အရ ပြည်သူ့လွှတ်တော်အစည်းအဝေး ဆုံးဖြတ်ချက် အရ ၂၀၁၁ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်(၁၆/၂၀၁၁)၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။

၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက် အမိန့်ကြော်ငြာစာအမှတ်(၂၅/၂၀၁၂)တွင် ဦးစံလင်း (တောင်ကြီးမဲဆန္ဒနယ်) နေရာတွင် ဒေါက်တာမျိုးအောင် (ဒဂုံဆိပ်ကမ်းမဲဆန္ဒနယ်) အား လည်းကောင်း၊ ဦးအောင်စိန်သာ (မင်းပြားမဲဆန္ဒနယ်) နေရာတွင် ဦးခင်မောင်သိန်း (စစ်ကိုင်း မဲဆန္ဒနယ်) အားလည်းကောင်း၊ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၉ ရက် အမိန့်ကြော်ငြာစာအမှတ် ၇၀/၂၀၁၄ အရ လစ်လပ်သော ကော်မတီအဖွဲ့ဝင် ဦးကြည်မြင့် (လသာမဲဆန္ဒနယ်) နေရာတွင် ဒေါ်စန္ဒာမင်း (ဇမ္ဗူသီရိ မဲဆန္ဒနယ်)အား အစားထိုးပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

မူကြမ်း

၂၀၁၄ ခုနှစ်၊ ဇွန်လ ၃ ရက် အမိန့်ကြော်ငြာစာအမှတ်၊ ၅၆/၂၀၁၅ အရ ကော်မတီ အတွင်းရေးမှူး ဦးခင်မောင်ဦး (မုံရွာမဲဆန္ဒနယ်) နေရာတွင် ဦးဝင်းသန်း (သာပေါင်းမဲဆန္ဒနယ်) အား လည်းကောင်း၊ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၄ ရက် အမိန့်ကြော်ငြာစာအမှတ်၊ ၅၆/၂၀၁၅ အရ ကော်မတီ အတွင်းရေးမှူး ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)နေရာတွင် ဒေါက်တာဝင်းမြင့် (လှိုင်မဲဆန္ဒနယ်) အား ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

| စဥ် | အမည် | မဲဆန္ဒနယ် | ပါတီ | တာဝန် |
|---|---|---|---|---|
| (၁) | ဦးမောင်မောင်သိမ်း | ခရမ်းမဲဆန္ဒနယ် | ပြည်ခိုင်ဖြိုး | ဥက္ကဌ |
| (၂) | ဦးခင်မောင်ဦး | မုံရွာမဲဆန္ဒနယ် | ။ | အဖွဲ့ဝင် |
| (၃) | ဦးအေးနိုင် | ဆင်ပေါင်ဝဲမဲဆန္ဒနယ် | ။ | ။ |
| (၄) | ဦးတင်ဝင်း | မိုင်းယန်းမဲဆန္ဒနယ် | ။ | ။ |
| (၅) | ဦးဝင်းသန်း | သာပေါင်းမဲဆန္ဒနယ် | ။ | ။ |
| (၆) | ဦးဖရန်စစ္စကို | ဖယ်ခုံမဲဆန္ဒနယ် | ။ | ။ |
| (၇) | ဦးစိုးနိုင် | မင်းတုန်းမဲဆန္ဒနယ် | ။ | ။ |
| (၈) | ဦးကျော်နီနိုင် | လောက်ကိုင်မဲဆန္ဒနယ် | ။ | ။ |
| (၉) | ဦးကျော်တင်ရွှေ | မိုင်းရှူးမဲဆန္ဒနယ် | ။ | ။ |
| (၁၀) | ဦးထွန်းထွန်း | မန်စီမဲဆန္ဒနယ် | ။ | ။ |
| (၁၁) | ဒေါက်တာမျိုးအောင် | ဒဂုံ(ဆိပ်ကမ်း)မဲဆန္ဒနယ် | NLD | ။ |
| (၁၂) | ဦးခင်မောင်သိန်း | စစ်ကိုင်းမဲဆန္ဒနယ် | ။ | ။ |
| (၁၃) | ဒေါ်စန္ဒာမင်း | ဇမ္ဗူသီရိမဲဆန္ဒနယ် | ။ | ။ |
| (၁၄) | ဦးစိုင်းအောင်လှ | နမ္မတူမဲဆန္ဒနယ် | ရှမ်းဒီမို | ။ |
| (၁၅) | ဒေါက်တာဝင်းမြင့် | လှိုင်မဲဆန္ဒနယ် | ပြည်ခိုင်ဖြိုး | အတွင်းရေးမှူး |

**မူကြမ်း**

ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းထားသည့် ၂၀၁၅-၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ လုပ်ငန်းများနှင့် ရငွေသုံးငွေများ စိစစ်ရေးပူးပေါင်းအဖွဲ့(၉)တွင် ကော်မတီမှ အောက်ပါ ကိုယ်စားလှယ်အဖွဲ့ဝင်များ ပါဝင်ပြီး သမဝါယမဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနတို့၏ အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စရပ်များကို စိစစ်ရပါသည်

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| (၁) | ဦးမောင်မောင်သိမ်း | ခရမ်း | ဥက္ကဋ္ဌ |
| (၂) | ဦးဝင်းသန်း | သာပေါင်း | အတွင်းရေးမှူး |
| (၃) | ဦးအေးနိုင် | ဆင်ပေါင်ဝဲ | အဖွဲ့ဝင် |
| (၄) | ဦးထွန်းထွန်း | မံစီ | အဖွဲ့ဝင် |
| (၅) | ဒေါက်တာမျိုးအောင် | ဒဂုံဆိပ်ကမ်း | အဖွဲ့ဝင် |
| (၆) | ဦးစိုင်းအောင်လှ | နမ္မတူ | အဖွဲ့ဝင် |
| (၇) | ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင် | တပ်မတော်သား | အဖွဲ့ဝင် |

**လေ့လာသူ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ**

၂၀၁၄ ခုနှစ်၊ ဇွန်လ ၉ ရက် အမိန့်အမှတ်(၁/၂၀၁၄)အရ ကြည်း ၂၇၀၆၆ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်လင်း၏နေရာတွင် ကြည်း ၁၉၅၃၆ ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင် အားလည်းကောင်း၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက် အမိန့်အမှတ်(၁/၂၀၁၅)အရ ကြည်း ၁၈၆၃၂ ဗိုလ်မှူးကြီး ဝင်းနိုင်၏နေရာတွင် ကြည်း ၂၁၀၄၆ ဗိုလ်မှူးကြီးလှဦးအား ပြောင်းလဲတာဝန်ပေးအပ်လိုက်သည်။

| | | |
|---|---|---|
| (က) | ကြည်း ၂၁၀၄၆ | ဗိုလ်မှူးကြီး လှဦး |
| (ခ) | ကြည်း ၁၉၅၃၆ | ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင် |
| (ဂ) | ကြည်း ၃၃၂၆၁ | ဗိုလ်မှူး ဟန်စိုးထွန်း |

မူကြမ်း

(ဃ) လေ ၂၇၄၀ ဗိုလ်မှူး နွေဦး

ကော်မတီ၏ ဥပဒေရေးရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရန် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များကို ပြန်လည်ပြင်ဆင်ရာတွင် ဒေါက်တာတင်လတ်၊ ဦးညီညီ၊ ဦးအောင်မြင့်တို့အား တွဲဖက်တာဝန်ပေးအပ်ထားပါသည်-

**သက်တမ်း**

၅။ ကော်မတီ၏သက်တမ်းမှာ စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ် သတ်မှတ်ထားပါသည်

**တာဝန်**

၆။ ကော်မတီသည် တာဝန်(၆)ရပ်၊ လုပ်ပိုင်ခွင့်(၅)ရပ်၊ ကော်မတီဝင်များ၏ ရပိုင်ခွင့်အခွင့်အရေး (၃)ရပ် ရှိပါသည်-

**တာဝန် (၆) ရပ်**

(၁) စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(၂) စီးပွာရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ၊ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ ကာကွယ်ရာတွင် ကူညီရမည်။

(၃) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်ရာတွင် ကူညီဆောင်ရွက်ပေးရမည်။

(၄) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(၅) သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့်

လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း၊ ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရမည်။

(၆) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

## လုပ်ပိုင်ခွင့်

၇။ **လုပ်ပိုင်ခွင့် (၅) ရပ်**

(၁) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီကတာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးက သော်လည်းကောင်း ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(၂) ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(၃) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရမည်။

(၄) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များကပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(၅) အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

**ရပိုင်ခွင့်/ အခွင့်အရေး**

၈။ **ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

(၁) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(၂) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့အစည်း၏ အကြီးအမှူးမှတစ်ဆင့် လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(၃) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

**ဆောင်ရွက်ချက်**

၉။ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင်များအနေဖြင့် တင်သွင်း ခဲ့သောအဆိုနှင့်မေးခွန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | အမည် | မဲဆန္ဒနယ် | တင်သွင်းခဲ့သော | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | အဆို | မေးခွန်း | | |
| | | | | ကြယ်ပွင့်ပြ | ကြယ်ပွင့်မပြ | |
| ၁။ | ဦးမောင်မောင်သိမ်း | ခရမ်း | ၁ | ၃ | ၁၁ | |

**မူကြမ်း**

| | | | | | | |
|---|---|---|---|---|---|---|
| ၂။ | ဦးထွန်းထွန်း | မံစီ | ၁ | ၇ | ၆ | |
| ၃။ | ဦးကြည်မြင့် | လသာ | ၆ | ၁၉ | ၇ | |
| ၄။ | ဦးစိုင်းအောင်လှ | နမ္မတူ | - | ၁ | - | |
| ၅။ | ဦးဝင်းသန်း | သာပေါင်း | ၁ | ၆ | - | |
| ၆။ | ဦးစိုးနိုင် | မင်းတုန်း | - | ၁ | ၁၀၄ | |
| ၇။ | ဦးအေးနိုင် | ဆင်ပေါင်ဝဲ | - | ၁ | ၄၁ | |
| ၈။ | ဦးခင်မောင်ဦး | မုံရွာ | ၁ | ၁ | ၁ | |
| ၉။ | ဦးအောင်စိန်သာ | မင်းပြား | - | ၂ | - | |
| ၁၀။ | ဦးကျော်တင်ရွှေ | မိုင်းရှူး | - | ၃ | ၁၈ | |
| ၁၁။ | ဦးကျော်နီနိုင် | လောက်ကိုင် | - | ၆ | ၃ | |
| ၁၂။ | ဦးတင်ဝင်း | နမ္မတူ | - | ၆ | ၁၆ | |
| ၁၃။ | ဦးဖရန်စစ္စကို | ဖယ်ခုံ | - | ၄ | ၄ | |
| ၁၄။ | ဦးစံလင်း | တောင်ကြီး | - | - | - | |
| ၁၀။ | ဦးကျော်တင်ရွှေ | မိုင်းရှူး | - | ၃ | ၁၈ | |
| ၁၅။ | ဒေါက်တာဝင်းမြင့် | လှိုင် | ၁ | ၄ | ၁ | |
| ၁၆။ | ဒေါက်တာမျိုးအောင် | ဒဂုံ(ဆိပ်ကမ်း) | - | ၂ | ၁၁ | |
| ၁၇။ | ဦးခင်မောင်သိန်း | စစ်ကိုင်း | - | ၁၂ | ၅၀ | |
| ၁၈။ | ဒေါ်စန္ဒာမင်း | ဇမ္ဗူသီရိ | - | ၁ | ၁ | |
| | | **စုစုပေါင်း** | ၁၁ | ၈၁ | ၂၇၄ | |

**မူကြမ်း**

ကော်မတီအနေဖြင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရေးရာဆောင် အိုင်(၈)တွင် ကော်မတီအဖွဲ့ဝင်များ၊ တပ်မတော်သားကိုယ်စားလှယ် လေ့လာသူများနှင့် (၃၂) ကြိမ်၊ ဝန်ကြီးဌာနများနှင့် (၂၅) ကြိမ်ပြုလုပ်ခဲ့ရာ ဥပဒေပြုရေး၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

ပြင်ပအဖွဲ့အစည်းနှင့် (၇) ကြိမ် တွေ့ဆုံခဲ့ပါသည်။ ၁၇.၉.၂၀၁၁ တွင် ရန်ကုန် ယုဇနဟိုတယ်၌ စီးပွားရေးပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်လည်းကောင်း၊ ၂၄.၉.၂၀၁၁ တွင် ရန်ကုန် မြရိပ်ညိုဟိုတယ်၌ စီးပွားရေးပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် လည်းကောင်း၊ ၂၄.၁၁.၂၀၁၁ တွင် စီးပွားရေးပညာရှင် Dr. တင်ထူးနိုင်အား ဖိတ်ကြား၍ လည်းကောင်း၊ မန္တလေး Swan Hotel ၌ မန္တလေးတိုင်းဒေသကြီး ကုန်သည်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် လည်းကောင်း၊ ၉.၁.၂၀၁၂ ရက်နေ့တွင် စီးပွားရေးပညာရှင် Dr. တင်ထူးနိုင်အား ဖိတ်ကြား၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခဲ့ကြပါသည်။ ၁၇.၃.၂၀၁၄ တွင် ရေးရာဆောင် I-8 ၌ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်လေ့လာရေးအဖွဲ့နှင့်လည်းကောင်း၊ ၂.၇.၂၀၁၄ တွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဧည့်လမ်းညွှန်အဖွဲ့နှင့်လည်းကောင်း တွေ့ဆုံ၍ Tourism Law အမြန်ဆုံးထွက်ပေါ်လာရေးအတွက် ဧည့်လမ်းညွှန်အသင်း၏ အကြံပြုချက်များရယူပြီး ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ရေရှည်တည်တံ့စေရန်နှင့် ရေးဆွဲလျက်ရှိသော ခရီးသွားလုပ်ငန်းဆိုင်ရာ ဥပဒေပိုမိုကောင်းမွန်လာစေရေး ဆွေးနွေးခဲ့ကြပါသည်။

နိုင်ငံခြားအဖွဲ့အစည်းများနှင့် (၁၁) ကြိမ်တွေ့ဆုံခဲ့ပါသည်။ ၂၃.၁.၂၀၁၂ တွင် ရေးရာဆောင် I-1 ၌ 2011 IMF Article IV Consultation Mission အဖွဲ့နှင့်လည်းကောင်း၊ ၂၀.၁၂.၂၀၁၂ တွင် ရေးရာဆောင် I-8 ၌ အမေရိကန်နိုင်ငံ Sky Born Group of Companies နှင့်လည်းကောင်း တွေ့ဆုံ၍ မြန်မာနိုင်ငံ၏စီးပွားရေးအခြေအနေ၊ နိုင်ငံခြား ငွေလဲလှယ်နှုန်း ပေါင်းစည်းရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခဲ့ကြပါသည်။ ၁၉.၂.၂၀၁၃ တွင် ရေးရာဆောင် I-1 ၌ G-8 Responsible Investment Intiative အဖွဲ့နှင့် လည်းကောင်း၊ ၃.၇.၂၀၁၃ တွင် ရေးရာဆောင် I-8 ၌ Bagan Investment Co.Ltd အဖွဲ့နှင့်လည်းကောင်း၊ ၂.၁၀.၂၀၁၃ တွင် ရေးရာဆောင် I-8 ၌ European Union (EU) သံအမတ် Mister အဖွဲ့နှင့်လည်းကောင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များဆွေးနွေးခဲ့ပါသည်။ ၁၃.၃.၂၀၁၄ တွင် ရေးရာဆောင် I-1 ၌ Standard Chartered Bank အဖွဲ့နှင့်လည်းကောင်း၊ ၁၉.၃.၂၀၁၄ တွင် ရေးရာဆောင် I-8 ၌ Capital World Investors

အဖွဲ့နှင့်လည်းကောင်း၊ ၂၄.၇.၂၀၁၄ တွင် ဇမ္ဗူသီရိအစည်းအဝေးခန်းမ၌ United Overseals Bank အဖွဲ့တို့နှင့်လည်းကောင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခဲ့ကြပါသည်။ ၂.၄.၂၀၁၅ ရက်နေ့တွင် ရေးရာဆောင် အိုင် (၈) ၌ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံရုံး နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ပထမအတွင်းဝန် Mr. Andreas Magnusson အဖွဲ့နှင့်လည်းကောင်း၊ ၂၁.၇.၂၀၁၅ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကိုယ်စား ဂျပန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန်၊ ကုန်သွယ်ခွန်၊ နိုင်ငံခြားငွေကြေး လွှဲပြောင်းမှုဆိုင်ရာ ကောင်စီအဖွဲ့ဝင် မစ္စတာ တာကာတိုရှိအီတို ဦးဆောင်သည့်အဖွဲ့နှင့်လည်းကောင်း စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခဲ့ပါသည်။

ကော်မတီသို့ တရားတည်ငြိမ်ကော်မတီမှ တိုင်ကြားစာ (၁၃) စောင် လွှဲပြောင်းပေးပို့ လာပါသည်။ ၎င်းတိုင်ကြားစာနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာန ဖြစ်သော သမဝါယမဝန်ကြီးဌာနသို့ တိုင်ကြားစာ (၅) စောင် ပေးပို့ထားပါသည်။ စာရွက်စာတမ်း မပြည့်စုံသော တိုင်စာများကိုလည်း ကာယကံရှင်ထံသို့ ပြန်လည်ပေးပို့ထားပါသည်။ ကော်မတီ အနေဖြင့် ဆောင်ရွက်ရန်မလိုသော တိုင်စာများကိုလည်း ဖိုင်တွဲ၍ သိမ်းဆည်းထားပါသည်။

ပြည်ပခရီးစဉ်သွားရောက်ခဲ့မှုအား အောက်ပါအတိုင်း တင်ပြအပ်ပါသည်-

| စဉ် | အမည် | နိုင်ငံ | ကာလ | | မှတ်ချက် |
|---|---|---|---|---|---|
| | | | မှ | ထိ | |
| ၁။ | ဦးမောင်မောင်သိမ်း | အိန္ဒိယ | ၁၁.၁၂.၂၀၁၁ | ၁၇.၁၂.၂၀၁ | |
| | | ဂျာမနီ၊ဘယ်လဂျီယံ၊ ပြင်သစ်၊ဆွတ်ဇာလန်၊ နော်ဝေ၊ အင်္ဂလန် | ၆.၅.၂၀၁၂ | ၂၀.၅.၂၀၁၂ | |
| | | ဒိန်းမတ်၊ ဆွီဒင် | ၂၀.၅.၂၀၁၂ | ၂၃.၅.၂၀၁၂ | |
| | | သြစတေးလျ၊ စင်္ကာပူ | ၁၇.၉.၂၀၁၂ | ၂၆.၉.၂၀၁၂ | |
| | | ဂျပန် | ၂၇.၁၁.၂၀၁၃ | ၃.၂.၂၀၁၃ | |
| | | တရုတ် | ၂၇.၆.၂၀၁၃ | ၅.၇.၂၀၁၃ | |

| | | | | | |
|---|---|---|---|---|---|
| ၂။ | ဒေါက်တာဝင်းမြင့် | ရုရှား | ၂၅.၆.၂၀၁၁ | ၂.၇.၂၀၁၁ | |
| | | အိန္ဒိယ | ၁၁.၁၂.၂၀၁၁ | ၁၇.၁၂.၂၀၁၁ | |
| | | နယူးဇီလန်၊ စင်္ကာပူ | ၂၃.၃.၂၀၁၃ | ၃၀.၃.၂၀၁၃ | |
| ၃။ | ဦးဝင်းသန်း | အမေရိကန် | ၉.၆.၂၀၁၃ | ၁၇.၆.၂၀၁၃ | |
| | | ကိုရီးယား | ၂၁.၄.၂၀၁၃ | ၂၆.၄.၂၀၁၃ | |
| | | ဂျပန် | ၂၇.၁၁.၂၀၁၃ | ၃.၁၂.၂၀၁၃ | |
| | | ဟောင်ကောင်၊ တရုတ်<br>မွန်ဂိုလီးယား | ၇.၄.၂၀၁၄ | ၁၅.၄.၂၀၁၄ | |
| | | အမေရိကန် | ၂၉.၄.၂၀၁၅ | ၇.၅.၂၀၁၅ | |
| | | စင်္ကာပူ | ၂၅.၅.၂၀၁၅ | ၂၇.၅.၂၀၁၅ | |
| | | အိန္ဒိယ | ၁၁.၁၂.၂၀၁၁ | ၁၈.၁၂.၂၀၁၁ | |
| | | တရုတ် | ၃၀.၃.၂၀၁၃ | ၈.၄.၂၀၁၃ | |
| | | စင်္ကာပူ | ၁၀.၆.၂၀၁၃ | ၁၂.၆.၂၀၁၃ | |
| | | ထိုင်း | ၁၃.၆.၂၀၁၃ | ၁၉.၆.၂၀၁၃ | |
| | | တရုတ် | ၂၇.၇.၂၀၁၃ | ၃.၈.၂၀၁၃ | |
| | | အင်ဒိုနီးရှား၊<br>ကမ္ဘောဒီးယား | ၁၆.၁၂.၂၀၁၃ | ၂၂.၁၂.၂၀၁၃ | |
| | | အင်ဒိုနီးရှား | ၇.၄.၂၀၁၄ | ၉.၄.၂၀၁၄ | |
| | | လာအို | ၁၄.၉.၂၀၁၄ | ၂၀.၉.၂၀၁၄ | |
| | | အမေရိကန် | ၂၄.၉.၂၀၁၅ | ၇.၅.၂၀၁၅ | |
| | ဦးခင်မောင်ဦး | စင်္ကာပူ | ၁၅.၅.၂၀၁၂ | ၁၇.၅.၂၀၁၂ | |

မူကြမ်း

| | | | | | |
|---|---|---|---|---|---|
| ၄။ | | ဥရောပ | ၂၂.၉.၂၀၁၃ | ၂၆.၉.၂၀၁၃ | |
| ၅။ | ဒေါက်တာမျိုးအောင် | နော်ဝေ | ၁၃.၅.၂၀၁၂ | ၁၅.၅.၂၀၁၂ | |
| | | အမေရိကန် | ၉.၆.၂၀၁၃ | ၁၇.၆.၂၀၁၃ | |
| ၆။ | ဦးတင်ဝင်း | စင်္ကာပူ | ၂၃.၅.၂၀၁၃ | ၂၉.၅.၂၀၁၃ | |
| ၇။ | ဦးကျော်နီနိုင် | ထိုင်း | ၇.၄.၂၀၁၄ | ၁၀.၄.၂၀၁၄ | |

**ကော်မတီက တာဝန်ယူထားသော ဝန်ကြီးဌာန**

၁၀။ (က) သမဝါယမဝန်ကြီးဌာန၊

(ခ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊

(ဂ) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊

**သက်ဆိုင်သောဥပဒေများ**

၁၁။ ကော်မတီက စိစစ်ရန်သတ်မှတ်ပေးထားသည့် ဥပဒေ (၁၄) ခုရှိပါသည် -

(က) **ပြဋ္ဌာန်းပြီးဥပဒေ**

(၁) အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ( ဥပဒေအမှတ် ၁၃/၂၀၁၂)

(၂) ပို့ကုန်သွင်းကုန်ဥပဒေ (ဥပဒေအမှတ် ၁၇/၂၀၁၂)

(၃) မြန်မာနိုင်ငံကုန်စည်အမှတ်အသား အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (ဥပဒေအမှတ် ၃၅/၂၀၁၃)

(၄) စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (ဥပဒေအမှတ် ၁၀/၂၀၁၄)

(၅) စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေ (ဥပဒေအမှတ် ၂၈/၂၀၁၄)

(ခ) **ရုပ်သိမ်းပြီးဥပဒေ**

(၁) The Agricultural Produce Markets Act ( India Act, 17, 1941, Vol.IV)

လယ်ယာထွက်ကုန်ဈေးကွက်များအက်ဥပဒေ (ဥပဒေအမှတ် ၇/၂၀၁၅)

မူကြမ်း

(ဂ) **ကော်မတီမှတင်သွင်းသည့်ဥပဒေ**

(၁) မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေ ( ဥပဒေအမှတ် ၁၈/၂၀၁၃)

(ဃ) **စိစစ်ဆဲဥပဒေ**

(၁) The Weight and Measures of Capacity Act (India Act, No31,1871,Vol.V) (စံချိန်စံညွှန်းဥပဒေတွင်ပါပြီး)

(၂) The Measuring Basket Standardization Act (India Act, No.2/1939,Vol.V) (စံချိန်စံညွှန်းဥပဒေတွင်ပါပြီး)

(င) **စိစစ်ရန်ကျန်ရှိသောဥပဒေ**

(၁) အသေးစားစက်မှုလက်မှုလုပ်ငန်း မြှင့်တင်ရေးဥပဒေ (ဥပဒေအမှတ် ၁၃/၁၉၉၁)

(၂) သမဝါယမအသင်းဥပဒေ (ဥပဒေအမှတ် ၉/၁၉၉၂)

(၃) မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေးအက်ဥပဒေ (ဥပဒေအမှတ် ၁၄/၁၉၉၃)

(စ) **ပယ်ဖျက်ရန်ဥပဒေ**

(၁) The Sale of Goods Act (India Act 3, 1930, Vol.III)

(၂) The Measuring of Length Act (India Act, 17, 1941, Vol.IV)

(၃) ကောက်ပဲသီးနှံလယ်ယာခြံထွက်ပစ္စည်းဝယ်ယူမှု စည်းမျဉ်းသတ်မှတ်ရေး ဥပဒေ (ဥပဒေအမှတ် ၄၅၊ ၁၉၆၂ ခုနှစ်)

(ဆ) **ဆောင်ရွက်ဆဲဥပဒေ**

(၁) Safeguard Law

(၂) Anti-dumping Law

(၃) Counter Vailing Law

**မူကြမ်း**

## ဖွံ့ဖြိုးရေးရန်ပုံငွေ

၁၂။ ပြည်ထောင်စုလွှတ်တော်၏ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၁၃)ဖြင့် ထုတ်ပြန်ထားသော ဖွံ့ဖြိုးရေးရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုလွှတ်တော်၊ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၁၄) ဖြင့် ၃.၁၀.၂၀၁၄ ရက်နေ့တွင် ဖွံ့ဖြိုးရေးရန်ပုံငွေ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဖြည့်စွက်ချက်ကို အစားထိုးထုတ်ပြန်ခဲ့ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မြို့နယ်အားလုံးနှင့် ကျေးလက်ဒေသမကျန် နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မိမိတို့မဲဆန္ဒနယ်အလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြို့နယ်တစ်မြို့နယ်လျှင် သိန်းတစ်ထောင် ချပေးခဲ့ပါသည်။

မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ အတည်ပြုဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီမှ ဒေသခံပြည်သူများအတွက် အဓိက လိုအပ်ချက်ဖြစ်သော (၁) သောက်သုံးရေရရှိရေး လုပ်ငန်းများ၊(၂) ကျေးလက်လမ်းများ၊ တံတားများပြုပြင်ဆောက်လုပ်ခြင်းလုပ်ငန်းများ၊ (၃) ပညာရေးဆိုင်ရာအဆောက်အအုံ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ၊ (၄) ကျန်းမာရေးဆိုင်ရာ အဆောက်အအုံ ပြုပြင် တည်ဆောက်ခြင်းလုပ်ငန်းများ၊ (၅) မြို့နယ်အတွင်း ပြည်သူလူထု၏ အမှန်တကယ် လိုအပ်ချက်ဖြစ်သော အခြားလုပ်ငန်းများအား ကုန်ကျစရိတ်မကြီးမြင့်ဘဲ ဒေသအတွက် အမှန်တကယ်အကျိုးရှိမည့် လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါသည်။

## သုံးသပ်အကြံပြုချက်

၁၃။ ကော်မတီအနေဖြင့် မိမိတို့တာဝန်ယူရသော ဝန်ကြီးဌာန (၃) ခု၏ စီမံကိန်းနှင့် ဘတ်ဂျက်များအား လေ့လာစိစစ်ဆောင်ရွက်သွားရန် လိုအပ်ပါသည်။ ကော်မတီ၏ ဥပဒေများမှ ပယ်ဖျက်ရန်၊ ဆောင်ရွက်ရန်ကျန်များကို ကော်မရှင်မှ ပညာရှင်များနှင့် ဆွေးနွေး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကော်မတီဝင်များအနေဖြင့် နိုင်ငံနှင့်နိုင်ငံသားများ အတွက် လုပ်သင့်လုပ်ထိုက်သော ကုန်ကြမ်းများရှာဖွေပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

မူကြမ်း

**နိဂုံး**

၁၄။ ကော်မတီများသည် လွှတ်တော်အကြီး၏ လုပ်ငန်းတာဝန်များကို ခွဲဝေပြီးလုပ်ဆောင်ရသည့် လွှတ်တော်အသေးစားများ ဖြစ်ပါသည်။ မိမိတို့သည် ဥပဒေပြုသည့် အဖွဲ့အစည်းများဖြစ်သည့်အတွက် အချုပ်အခြာအာဏာ ခက်မသုံးဖြာထဲမှ ဆင်းသက်လာသည့် ဥပဒေပြုအာဏာအား ကျင့်သုံးသည့် Law Maker များ ဖြစ်ပါသည်။ ကော်မတီနှင့်ပတ်သက်သောလုပ်ငန်းများဖြစ်ဖြစ်၊ မပတ်သက်သော လုပ်ငန်းများဖြစ်ဖြစ် နိုင်ငံနှင့်နိုင်ငံသားများအတွက် လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

## ၂၀၁၁ ခုနှစ်၊ စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ

၁။ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် စတင် ဖွဲ့စည်းသည့်နေ့မှ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလကုန်အထိ အောက်ဖော်ပြပါအတိုင်း အဖွဲ့အစည်းများ၊ ပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံလျက် ပြည်သူ့အသံ နားထောင်မှုကို ဆောင်ရွက်ခဲ့ပါသည်-

| စဉ် | တွေ့ဆုံသည့်အဖွဲ့အစည်းများ | နေရာ/ရက်စွဲ |
|---|---|---|
| (က) | ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် အခြားပါတီဝင်များ၊ ပညာရှင်များနှင့် ကုမ္ပဏီများ၊ | ယုဇနခန်းမ ရန်ကုန်မြို့ ၁၇.၉.၂၀၁၁ |
| (ခ) | ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ အင်ဂျင်နီယာအသင်းချုပ်၊ စာနယ်ဇင်းနှင့် အိုင်တီပညာရှင်များ၊ | မြရိပ်ညိုခန်းမ ရန်ကုန်မြို့ ၂၄.၉.၂၀၁၁ |
| (ဂ) | မကွေးတိုင်းအတွင်းရှိ ကုန်သည်စက်မှုအသင်းများမှ ခေါင်းဆောင်များ၊ မန္တလေးတိုင်းအတွင်းရှိ ကျောက်ပန်းတောင်းမှ ကုန်သည်စက်မှုအသင်းကိုယ်စားလှယ်များ၊ | ကုန်စည်ဒိုင်ခန်းမ မကွေးမြို့ ၂၂.၁၀.၂၀၁၁ |

| | | |
|---|---|---|
| (ဃ) | စီးပွားရေးပညာရှင် Dr.တင်ထူးနိုင်အား ဖိတ်ကြား၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခြင်း၊ | I.8<br>၂၄.၁၁.၂၀၁၁ |
| (င) | စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် မန္တလေးတိုင်းဒေသကြီး ကုန်သည်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ | Swan Hotel<br>မန္တလေး<br>၄.၁၂.၂၀၁၁ |

၂။ ကော်မတီသည် ပြည်သူ့လွှတ်တော်ရေးရာဆောင်များတွင် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် အောက်ပါအတိုင်း တွေ့ဆုံညှိနှိုင်းပေါင်းစပ်မှု ပြုလုပ်ခဲ့ပါသည်။

| **စဉ်** | **ပြည်ထောင်စုဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများ** | **နေရာ/ရက်စွဲ** |
|---|---|---|
| (က) | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးနှင့် ဝန်ကြီးဌာနလက်အောက်ရှိဌာနမှ ညွှန်ကြားရေးမှူးချုပ် နှင့် ညွှန်ကြားရေးမှူးများ( မော်တော်ယာဉ်အခွန် ကောက်ခံမှုကိစ္စနှင့်ပတ်သက်၍ အစည်းအဝေး ပြုလုပ်ခြင်း) | I.8<br>၄.၁၀.၂၀၁၁ |
| (ခ) | ကုမ္ပဏီများမှတ်ပုံတင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့များ။ | I.8<br>၇.၁၀.၂၀၁၁ |
| (ဂ) | စီးပွား/ကူးသန်း၊ အကောက်ခွန်၊ ကညနတို့အား ဖိတ်ကြား ၍ မော်တော်ယာဉ်တင်သွင်းခွင့်ကိစ္စနှင့် ပတ်သက်၍ အစည်းအဝေး ပြုလုပ်ခြင်း၊ | I.8<br>၁.၁၂.၂၀၁၁ |

၃။ အထက်ပါတွေ့ဆုံမှုများ (၈) ကြိမ်အတွင်း ဤကော်မတီ၏ ကြိုးပမ်းဆောင်ရွက်မှု၊ တွေ့ရှိရသောအခြေအနေနှင့် ပို့ကုန်သွင်းကုန်ဝန်ဆောင်မှု၊ ပြည်တွင်းစက်မှုထုတ်ကုန်၊ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ်

မူကြမ်း

လုပ်ငန်းဆိုင်ရာစနစ်များ၊ စီမံခန့်ခွဲမှု၊ ဥပဒေ/နည်းဥပဒေရေးရာကဏ္ဍများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

## ၂၀၁၂ ခုနှစ်၊ စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ

၁။ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလကုန်အထိ အောက်ဖော်ပြပါအတိုင်း အဖွဲ့အစည်းများ၊ ပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံလျှက် ပြည်သူ့အသံ နားထောင်မှုကို ဆောင်ရွက်ခဲ့ပါသည်-

| စဉ် | တွေ့ဆုံသည့်အဖွဲ့အစည်းများ | နေရာ/ရက်စွဲ |
|---|---|---|
| (က) | စီးပွားရေးပညာရှင် Dr.တင်ထူးနိုင်အား ဖိတ်ကြား၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခြင်း၊ | I.8<br>၉.၁.၂၀၁၂ |
| (ခ) | လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ | မြို့တော်ခန်းမ<br>မန္တလေး<br>၂၆.၃.၂၀၁၂ |
| (ဂ) | နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ IMF နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ | I.8<br>၂၉.၅.၂၀၁၂ |
| (ဃ) | ရွှေထုတ်လုပ်သည့် လုပ်ငန်းရှင်များ၏ အခက်အခဲများကို ဖြေရှင်းနိုင်ရန်ကိစ္စ ဆွေးနွေးခြင်း၊ | I.8<br>၁.၇.၂၀၁၂ |

၂။ ကော်မတီသည် ပြည်သူ့လွှတ်တော် ရေးရာဆောင်တွင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ ဦးစီးဌာနများနှင့် အောက်ပါအတိုင်း တွေ့ဆုံညှိနှိုင်းပေါင်းစပ်မှုပြုလုပ်ခဲ့ပါသည်။

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများ | နေရာ/ရက်စွဲ |
|---|---|---|
| (က) | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးနှင့် ဝန်ကြီးဌာနလက်အောက်ရှိဌာနမှ ညွှန်ကြားရေးမှူးချုပ် နှင့် ညွှန်ကြားရေးမှူးများ၊ | I.8<br>၂၇.၂.၂၀၁၂ |
| (ခ) | စီးပွား/ကူးသန်းဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီး ဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနနှင့် ကော်မရှင်အဖွဲ့ များအား ဖိတ်ကြား၍ မော်တော်ယာဉ် တင်သွင်းခွင့်ပြုရာတွင် ကောက်ခံလျှက်ရှိသော ယာယီမှတ်ပုံတင်ကိစ္စအား ပြန်လည် သုံးသပ်ခြင်း၊ | I.8<br>၁.၃.၂၀၁၂ |
| (ဂ) | စီးပွား/ကူးသန်းဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတို့အား ဖိတ်ကြား၍ မော်တော်ယာဉ် တင်သွင်းမှုဆိုင်ရာကိစ္စ ညှိနှိုင်းဆွေးနွေးခြင်း၊ | I.8<br>၅.၃.၂၀၁၂ |
| (ဃ) | စီးပွားကူးသန်းဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီး ဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနနှင့် ကော်မရှင်အဖွဲ့ အားဖိတ်ကြား၍ ပိုလျှံကောက်ညှင်းစပါးများ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးနှင့် မော်တော်ယာဉ်တင်သွင်းခွင့် ဆိုင်ရာကိစ္စ ညှိနှိုင်းဆွေးနွေးခြင်း၊ | I.8<br>၆.၃.၂၀၁၂ |
| (င) | စီးပွား/ကူးသန်း၊ ဟိုတယ်/ခရီးနှင့် သမဝါယမဝန်ကြီးဌာန များ၏ ၂၀၁၂-၂၀၁၃ ဘတ်ဂျက် စိစစ်ခြင်း၊ | I.8<br>၅.၁၁.၂၀၁၂ |
| (စ) | စီးပွား/ကူးသန်း၊ ဟိုတယ်/ခရီးနှင့် သမဝါယမဝန်ကြီးဌာန များ၏ ၂၀၁၂-၂၀၁၃ ဘတ်ဂျက် စိစစ်ခြင်း၊ | I.8<br>၆.၁၁.၂၀၁၂ |

**မူကြမ်း**

(ဆ) စီးပွား/ကူးသန်းဝန်ကြီးဌာန၏ ၂၀၁၂-၂၀၁၃ ဘတ်ဂျက် I.8
စိစစ်ခြင်း၊ ၉.၁၁.၂၀၁၂

၃။ ကော်မတီအဖွဲ့ဝင်များ၊ တပ်မတော်သားကိုယ်စားလှယ် လေ့လာသူများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၇) ကြိမ် ပြုလုပ်ခဲ့ပါသည်။

၄။ စီးပွား/ကုန်သွယ်ကော်မတီအနေဖြင့် ဥပဒေကြမ်း (၃)ခု၊ (၁) ပို့ကုန်သွင်းကုန်ဥပဒေ၊ (၂) အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေ၊ (၃) မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ကြယ်ပွင့်ပြမေးခွန်း (၃)ခု၊ နိုင်ငံခြားငွေလဲလှယ်နှုန်း၊ AFTA နှင့်စပ်လျဉ်းသောမေးခွန်း၊ ကုန်ဈေးနှုန်းကြီးမြင့်မှုကိုဖြေရှင်းပေးရန်မေးခွန်းနှင့် အဆို(၃)ခု၊ (၁) မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ အခွန်အခကိစ္စရပ်များ၊ (၂) ယာယီမှတ်ပုံတင်ခကိစ္စ၊ (၃) ပဲမျိုးစုံနှင့်ဆီထွက်သီးနှံကိစ္စများအား တင်သွင်းခဲ့ပါကြောင်းတင်ပြအပ်ပါသည်။

## ၂၀၁၃ ခုနှစ်၊ စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ

၁။ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလကုန်အထိ အောက်ဖော်ပြပါအတိုင်း အဖွဲ့အစည်းများ၊ ပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံလျက် ပြည်သူ့အသံ နားထောင်မှုကို ဆောင်ရွက်ခဲ့ပါသည်-

| စဉ် | တွေ့ဆုံသည့်အဖွဲ့အစည်းများ | နေရာ/ရက်စွဲ |
|---|---|---|
| (က) | Australia Final Time မှ သတင်းထောက်နှင့် တွေ့ဆုံ၍ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ ဆွေးနွေးခြင်း၊ | I.8 ၁၁.၇.၂၀၁၃ |

၂။ ကော်မတီသည် ပြည်သူ့လွှတ်တော် ရေးရာဆောင်တွင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ ဦးစီးဌာနများနှင့် အောက်ပါအတိုင်း တွေ့ဆုံညှိနှိုင်း ပေါင်းစပ်မှုပြုလုပ်ခဲ့ပါသည်။

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများ | နေရာ/ရက်စွဲ |
|---|---|---|
| (က) | တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟို ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်း တင်ပြခြင်း၊ | I.8 ၁၇.၇.၂၀၁၃ |
| (ခ) | တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟို ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ ထပ်မံ ရှင်းလင်းတင်ပြခြင်း၊ | I.8 ၅.၈.၂၀၁၃ |
| (ဂ) | စီးပွား/ကူးသန်းဝန်ကြီးဌာနမှ တာဝန်ရှိသူများဖိတ်ကြား ၍ FOB, CIF ဈေးနှုန်းများနှင့် ပတ်သက်၍ ဆွေးနွေးခြင်း၊ | I.8 ၂၆.၈.၂၀၁၃ |
| (ဃ) | သမဝါယမဝန်ကြီးဌာနနှင့် တွေ့ဆုံ၍ ၂၀၁၃-၂၀၁၄ ဘတ်ဂျက်ကိစ္စ ဆွေးနွေးခြင်း၊ | I.8 ၃၀.၁၀.၂၀၁၃ |

၃။ ကော်မတီအဖွဲ့ဝင်များ၊ တပ်မတော်သားကိုယ်စားလှယ် လေ့လာသူများနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁၂) ကြိမ် ပြုလုပ်ခဲ့ပါသည်။

၄။ စီးပွား/ကုန်သွယ်ကော်မတီအနေဖြင့် ပထမအကြိမ် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ၂၀၁၃-၂၀၁၄ နိုင်ငံတော်၏ အခွန်အကောက်ဆိုင်ရာ ရှင်းလင်းတင်ပြချက်နှင့် စပ်လျဉ်း၍ ပြင်ဆင် ချက်အဆိုတင်သွင်းခဲ့ပါသည်။

## ၂၀၁၄ ခုနှစ်၊ စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာ

၁။ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလကုန်အထိ အောက်ဖော်ပြပါအတိုင်း အဖွဲ့အစည်းများ၊ ပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံလျှက် ပြည်သူ့အသံ နားထောင်မှုကို ဆောင်ရွက်ခဲ့ ပါသည်-

| စဉ် | တွေ့ဆုံသည့်အဖွဲ့အစည်းများ | နေရာ/ရက်စွဲ |
|---|---|---|
| (က) | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဧည့်လမ်းညွှန်အဖွဲ့နှင့်တွေ့ဆုံခြင်း၊ | I.8<br>၂.၇.၂၀၁၄ |

၂။ ကော်မတီသည် ပြည်သူ့လွှတ်တော် ရေးရာဆောင်တွင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ ဦးစီးဌာနများနှင့် အောက်ပါအတိုင်း တွေ့ဆုံညှိနှိုင်း ပေါင်းစပ်မှုပြုလုပ်ခဲ့ပါသည်။

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများ | နေရာ/ရက်စွဲ |
|---|---|---|
| (က) | သမဝါယမဝန်ကြီးဌာနနှင့် တွေ့ဆုံ၍ အမျိုးသားစီမံကိန်းဥပဒေကြမ်း ဆွေးနွေးခြင်း၊ | I.8<br>၁၇.၁.၂၀၁၄ |
| (ခ) | ဟိုတယ်/ခရီးဝန်ကြီးဌာနနှင့် တွေ့ဆုံ၍ အမျိုးသားစီမံကိန်းဥပဒေကြမ်း ဆွေးနွေးခြင်း၊ | I.8<br>၂၀.၁.၂၀၁၄ |
| (ဂ) | စီးပွား/ကူးသန်းဝန်ကြီးဌာနနှင့် တွေ့ဆုံ၍ အမျိုးသားစီမံကိန်းဥပဒေကြမ်း ဆွေးနွေးခြင်း၊ | I.8<br>၂၁.၁.၂၀၁၄ |
| (ဃ) | စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်အဖွဲ့နှင့်တွေ့ဆုံခြင်း၊ | I.8<br>၁၇.၃.၂၀၁၄ |
| (င) | ဟိုတယ်/ခရီးဝန်ကြီးဌာန Tourism Law နှင့်ပတ်သက်၍ ဆွေးနွေးခြင်း၊ | I.8<br>၁၆.၇.၂၀၁၄ |

၃။ ကော်မတီအဖွဲ့ဝင်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် လေ့လာသူများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅) ကြိမ် ပြုလုပ်ခဲ့ပါသည်။

**စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

မူကြမ်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာကို ဆွေးနွေးလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်များရှိပါက ၃-၁၂-၂၀၁၅ ရက်နေ့ နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန်ဖြစ် ကြောင်း အသိပေးကြေညာပါတယ်။

**အစည်းအဝေး သတ္တမနေ့တွင်တင်ပြခဲ့သော ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှု ကော်မတီ၏အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမ အကြိမ် ပြည်သူ့လွှတ်တော်(၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့တွင် တင်ပြခဲ့သော ကျန်းမာရေးမြှင့်တင်မှုကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့်အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါကြောင့် အဆို တင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာနေလင်း(အတွင်းရေးမှူး၊ ကျန်းမာရေးမြှင့်တင်မှုကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင်တင်မှုကော်မတီရဲ့ အစီရင်ခံစာကို ပြီးခဲ့တဲ့ နိုဝင်ဘာလ ၂၄ ရက်နေ့က လွှတ်တော်ကိုတင်သွင်းပြီး ဖြစ်ပါတယ်။ ဒီအစီရင်ခံစာနှင့် ပတ်သက် ပြီးတော့ အကြံပြုဆွေးနွေးမည့် ပုဂ္ဂိုလ်များမရှိတဲ့အတွက်ကြောင့် လွှတ်တော်အနေနဲ့ သဘောတူ လက်ခံတယ်လို့ ယူဆရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကနေ ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးမြှင့်တင်မှုကော်မတီရဲ့ အစီရင်ခံစာကို လက်ခံပေးပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့သဘောထားကို ရယူပါမယ်။ ကျန်းမာရေးမြှင်တင်မှုကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘော တူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကျန်းမာရေးမြှင့်တင်မှုကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်ကအတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေး သတ္တမနေ့တွင်တင်ပြခဲ့သော ပြည်သူ့လွှတ်တော် ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့တွင် တင်ပြခဲ့သော ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါကြောင့် အဆိုတင်သွင်းရန် ဖိတ်ခေါ်အပ်ပါတယ်။

**ဦးအောင်သိန်းလင်း(ဥက္ကဋ္ဌ၊ ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေး ကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့မှာ ပြည်သူ့လွှတ်တော်၊ ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေး ကော်မတီရဲ့အစီရင်ခံစာကို တင်သွင်းခဲ့ပါတယ်။ အဆိုပါ တင်သွင်းခဲ့တဲ့အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံပေးပါရန် တောင်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးအောင်သိန်းလင်း က အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားကို ရယူပါမယ်။ ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှု စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်ကသဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေး ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့တဲ့ ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့အတွက် ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ဖြစ်သော ၂၄-၁၁-၂၀၁၅ ရက်နေ့တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ အသိ ပေး၍ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီက ပြန်လည်စိစစ်ပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များ အနက်အချက် ၄၀ ချက်ကို သဘောတူသင့်ကြောင်းနှင့် အချက်(၁၈)ချက်နှင့် စပ်လျဉ်းပြီး သဘောကွဲလွဲကြောင်း တင်ပြလာပါတယ်။ ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် သဘောတူသင့်တဲ့အချက် (၄၀) ချက်ကိုတင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုခဲ့သည့် အချက်များအနက်မှ အောက်ဖော်ပြပါအချက် (၄၀)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များ

အတိုင်း သဘောတူလက်ခံခဲ့ပါသည်။ အဆိုပါ အချက် (၄၀)ချက်မှာ အပိုဒ် ၃၊ အပိုဒ် ၄ အပိုဒ်ခွဲ(ဂ) အပိုဒ် ၅ ပြည်သူ့လွှတ်တော်၏အတည်ပြုချက် အပိုဒ် ၈ ကို ပယ်ဖျက်ခြင်း။ အပိုဒ် ၁၁ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၁၂ ကို ပယ်ဖျက်ခြင်း။ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၅ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁ ကို ပယ်ဖျက်ခြင်း။ ပြည်သူ့လွှတ်တော်၏ အပိုဒ် ၂၀ နှင့် ပြည်သူ့လွှတ်တော်၏အတည်ပြုချက်များဖြစ်သည့် အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၉ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၂၉ အပိုဒ်ခွဲ(င)၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အပိုဒ် ၄၂ အပိုဒ်ခွဲ(က)ကို ပယ်ဖျက်ခြင်း။ အပိုဒ် ၂၆ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၄၃၊ အပိုဒ် ၄၄ နှင့် အပိုဒ် ၄၅ တို့ကို ပယ်ဖျက်ခြင်း။ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂၈၊ အပိုဒ် ၂၉ ပြည်သူ့ လွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၄၉ နဲ့ အပိုဒ် ၅၁ ကို ပယ်ဖျက်ခြင်း။ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂၃ တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဖော်ပြပါအမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုချက် အချက် ၄၀ ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက တင်ပြသွားတဲ့ ပြင်ဆင်ချက် ၄၀ ချက်ကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီက တင်ပြသွားတဲ့အချက် (၄၀) ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောတူကြောင်းနှင့် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် သဘောကွဲလွဲချက် (၁၈) ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ထပ်မံပြင်ဆင်ရန် တင်ပြချက် (၁၈) ချက်မှာ အပိုဒ် ၄ အပိုဒ်ခွဲ(ဃ) အပိုဒ် ၆၊ အပိုဒ် ၇ အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၄၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၃၁ နှင့် အပိုဒ် ၃၂ တို့ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ သဘောထားကွဲလွဲသည့် အချက် (၁၈)ချက်အား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက် (၁၈)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောမတူကြောင်း ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ရာဇသတ်ကြီးကို ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး သဘောကွဲလွဲချက် (၁၈)ချက်အား အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောမတူကြောင်းတင်ပြခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် (၁၈) ချက်ကို လွှတ်တော်က

သဘောမတူကြောင်း အတည်ပြုပြီးဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ထိုသို့ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်းအဆိုတင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုကိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစာအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောထားကွဲလွဲတဲ့ အချက်(၁၈)ချက်ကို ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ပါ ကြောင်း အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ တင်သွင်းသော ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲချက် (၁၈) ချက်အား ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသည့်အဆိုကို ညောင်တုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးအောင်မြသန်းက ထောက်ခံအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့အချက် (၁၈) ချက်နှင့်ပတ်သက်၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ရဲ့သဘောထားကို ရယူပါမယ်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ပြန်လည်ဆွေးနွေးခဲ့ရာတွင် သဘောကွဲလွဲသည့် အမျိုးသား

လွှတ်တော်၏ ပြင်ဆင်ချက် (၁၈) ချက်ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က) နှင့် (ခ)တို့အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့ (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးအောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၀း၄၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၀း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]